ပူဇာစ ပူဇနေယျာနံ့ ဧတံ မင်္ဂလ မုတ္တမံ၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၄ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၂)၊ အမှတ်(၄)


**မြို့အင်္ဂါရပ်များနှင့်ပြည့်စုံညီညွတ်သည့် အိမ်ရာများ**

ဒဂုံမြို့သစ် (မြောက်ပိုင်း) နှင့် (တောင်ပိုင်း) ဆက်စပ်ရာနေရာမှ ငမိုးရိပ်ချောင်းတစ်လျှောက် ပါရမီလမ်းဆုံအထိ အိမ်ရာများ၊ လမ်းတံတားများ တစ်ဆက်တစ်စပ်တည်း ပေါ်ထွန်းလာစေရေးအောင် စီမံဆောင်ရွက်လျက်ရှိရာ ရွှေပင်လုံအိမ်ရာစီမံကိန်းကြီး စတင်ပေါ်ပေါက်။

ရွှေပင်လုံအိမ်ရာစီမံကိန်းကြီး ပြီးစီးပါက ဤဒေသအတွင်း ဈေး၊ ကျောင်း၊ ဆေးရုံ အားကစားကွင်းစသည့် မြို့အင်္ဂါရပ်များနှင့်ပြည့်စုံညီညွတ်သည့် အိမ်ရာများဖြစ်ထွန်းလာမည်။

# ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့်(တောင်ပိုင်း)မှ ပါရမီလမ်းဆုံအထိ အိမ်ရာများ၊ လမ်းတံတားများ တစ်ဆက်တစ်စပ်တည်းဖြစ်ရေးစီမံလျက်ရှိ ရည်မှန်းချက်နှင့်အညီအကောင်အထည်ပေါ် ဖြစ်ထွန်းလာရေးကြိုးပမ်း



မြို့တော်အိမ်ရာ စီမံကိန်း ကြီးကြပ်ကွပ်ကဲမှု ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒဂုံမြို့သစ် (တောင်ပိုင်း) ဘုရင့်နောင် လမ်းမကြီးနှင့် ငမိုးရိပ်ချောင်းဘေးရှိ မြယမုံစမ်းရိပ်မြိုင်အိမ်ရာ စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၃

**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက်ပိုင်းတွင် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးစက်ရုံနှင့် စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။**

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံသို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

## ဖြည့်စွက်ရှင်းလင်းတင်ပြ

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးစက်ရုံ အစည်းအဝေးခန်းမ၌ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာပိုင်စိုးက အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၏ ၂၀၀၃ ခုနှစ် ဇွန်၈ရက်နှင့် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တို့တွင် အသည်းရောင် အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံသို့ လာရောက် ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ စက်ရုံအတွင်း စက်များတပ်ဆင်ပြီးစီးမှုအခြေအနေ၊ ကာကွယ်ဆေးစက်ရုံမှ အရည်အသွေးစစ်ဆေးမှုများ အောင်မြင်စွာ ဆောင်ရွက်ပြီးဖြစ်သဖြင့် သွေးရည်ကြည်ဖြင့် ထုတ်လုပ်သော အသည်းရောင်အသားဝါ(ဘီ) ရောဂါကာကွယ်ဆေးနှင့် ဗီဇနည်းပညာဖြင့် ထုတ်လုပ်သော အသည်းရောင်အသားဝါ(ဘီ)ရောဂါ ကာကွယ်ဆေးတို့ကို နည်းစဉ်နှစ်ရပ်ဖြင့် အောင်မြင်စွာ ထုတ်လုပ်နေမှုနှင့် စက်စမ်းသပ်လည်ပတ်နေမှုအခြေအနေ၊ ကာကွယ်ဆေးစက်ရုံမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ထပ်မံလိုအပ်မည့် စက်ကိရိယာများအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က WHO GMP လက်မှတ်ရရှိရေးနှင့် အရည်အသွေး စစ်ဆေးမှုဆိုင်ရာလုပ်ငန်းများ အဆင့်မြှင့်ရေး၊ ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)နှင့် အသည်းရောင် အသားဝါ (ဘီ) ကာကွယ်ဆေးစက်ရုံ ပတ်ဝန်းကျင်၌ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို

***စာမျက်နှာ ၈ ကော်လံ ၁*** ■

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂူရှုးအားကစားသရုပ်ပြသမှု ကြည့်ရှုအားပေး

ရန်ကုန် အောက်တိုဘာ ၃

**မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာအားကစားခန်းမ၌ မြန်မာနိုင်ငံဂူရှုးအဖွဲ့ချုပ်၏ မြန်မာ့လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင် ဂူရှုးအားကစားသမားများ၏ စခန်းသွင်းလေ့ကျင့်မှုများကို ကြည့်ရှုအားပေးသည်။**

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ညနေ ၃နာရီခွဲတွင် စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာအားကစားခန်းမသို့ ရောက်ရှိလာရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဂူရှုးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေး (ဂန္ဓမာကုမ္ပဏီလီမိတက်)၊ဒုတိယဥက္ကဋ္ဌဒေါ်ကြူကြူနှင့်

***စာမျက်နှာ ၃ ကော်လံ ၁*** ❐

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

# မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

## အစဉ်အလာကြီးမားသော မြတ်ဆရာဂုဏ်ရည်ကို ထိန်းသိမ်းမြှင့်တင် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးတည်ဆောက်

အနာဂတ်ကို ရှေ့ဆောင်လမ်းပြသူသည် ဆရာများပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ကြီးကျယ်မြင့်မြတ်သော လောကကို အလှဆင်ဖန်တီးသူများ ဖြစ်ကြသည်။ ထို့ကြောင့် ဆရာကောင်းတပည့်ပန်းကောင်းပန်ဆိုသကဲ့သို့ ထိုဆရာများ၏ သွန်သင်ဆုံးမပဲ့ပြင်မှုကို အလေးအနက် မှတ်သားနာယူ၍ သာယာလှပသော လောကသစ်အဖြစ် ဖန်တီးပြီး အသီးအပွင့်ကောင်းများ စံစားနိုင်ရန်မှာ တပည့်ကောင်းများ၏ တာဝန်ပင်ဖြစ်သည်။

ယခု အောက်တိုဘာလ ၅ရက်နေ့သည် ကမ္ဘာ့ဆရာများနေ့ ဖြစ်သည်။ ကြီးကျယ်မြင့်မြတ်သော ဆရာများကို ဂုဏ်ပြု၍ ကမ္ဘာတစ်ဝန်းတွင် ဆရာများနေ့ကို ကျင်းပကြခြင်းဖြစ်သည်။ ဆရာသည် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်၊ လောကကိုပညာဖြင့် အလှဆင်တတ်သူ၊ သောကကို ကရုဏာဖြင့် ဖြေဖျောက်တတ်သူ၊ အများအကျိုးကို ကိုယ်ကျိုးစွန့်ဆောင်ရွက်တတ်သူဖြစ်၍ ကျေးဇူးတင်ဂုဏ်ပြုထိုက်သူ မည်ပေသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် ပညာရေးဝန်ထမ်းများဖြစ်သည့် ဆရာများသည် သာယာလှပသည့်အနာဂတ်သစ်ကို တည်ဆောက်နိုင်ရန် ကျရာကဏ္ဍက အုတ်တစ်ချပ်၊ သဲတစ်ပွင့် ပါဝင်ရမည်ဖြစ်ပေသည်။ အနာဂတ်ကို ဖန်တီးမည့် မျိုးဆက်သစ်လူငယ်လူရွယ်များကို ရှေ့ဆောင်လမ်းပြ ပြုပေးကြရမည် ဖြစ်သည်။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်ရာ၌ အမျိုးသားပညာရည်မြင့်မားရေးအတွက် ပညာရေးမြှင့်တင်မှု အစီအစဉ်များကို ဆရာများက အစဉ်ရှေးရှုမြှင့်တင်လျက် ရှိသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်နေခြင်းနှင့်ထပ်တူ အစဉ်အလာအားဖြင့် ကြီးကျယ်မြင့်မြတ်သည့် ဆရာများ၏ ထုံးကို နှလုံးမူ၍ တပည့်ကောင်းများကို ပန်းကောင်းပန်နိုင်စေရန် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

အနာဂတ်ကို ဖန်တီးတည်ဆောက်မည့် တပည့်များ၏ ကိုယ်ရည်ကိုယ်သွေးနှင့် စွမ်းဆောင်ရည်များ တိုးတက်မြင့်မားအောင် ဖန်တီးပေးမည့်သူများသည် ဆရာများပင် ဖြစ်သည်။ နိုင်ငံတော်၏ ပညာရေးကို အရှေ့တောင် အာရှနိုင်ငံများတွင် ထိပ်တန်းမှ ရင်ပေါင်တန်းနိုင်ရေးအတွက် တိုးတက်ပြောင်းလဲသော အတွေးအခေါ်များ၊ တိုးတက်ပြောင်းလဲသော အတတ်ပညာများ၊ အသိပညာဗဟုသုတများ ပြည့်စုံမှုရှိနေစေရန် စွမ်းဆောင်ကြရမည် ဖြစ်သည်။

မြန်မာ့ပညာရေး၏ မျှော်မှန်းချက်ဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်ရန်၊ အစဉ်လေ့လာသင်ယူနေသော မြန်မာ့လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာစေရန် ကြိုးပမ်းကြရာ၌ ဆရာများ၏ အခန်းကဏ္ဍသည် မြင့်မားလှသည်။ ထို့ကြောင့် နိုင်ငံတော်ကပညာရေးကဏ္ဍကို အထူးဦးစားပေး မြှင့်တင်ဖော်ဆောင်ပေးလျက်ရှိရာ အောင်မြင်မှုမှတ်တိုင်များ အခိုင်အမာစိုက်ထူလာနိုင်သည်ကို အထင်အရှား မြင်တွေ့နေရပြီ ဖြစ်သည်။

နိုင်ငံတော်က ပညာရေးကဏ္ဍမြင့်မားစေရန် တစ်ဖက်က အားပေးမြှင့်တင်လျက် ရှိသကဲ့သို့ အနာဂတ်အတွက် အားထားရမည့် နိုင်ငံ့သားကောင်းများ ပြုစုပျိုးထောင် မွေးထုတ်ပေးနေသည့် ဆရာများအပိုင်းကလည်း နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေများ၊ ကမ္ဘာ့နိုင်ငံများ၏ တိုးတက်မှုအခြေအနေများနှင့် မြန်မာ့ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှု အခြေအနေများကို အမှန်အတိုင်း၊ ပကတိအတိုင်း ဆက်စပ်လေ့လာပြီး မွန်မြတ်သောအခန်းကဏ္ဍမှ တာဝန်ကျေစွာ ထမ်းဆောင်လျက်ရှိကြသည်။

အထူးသဖြင့် မိမိနိုင်ငံနှင့်မိမိလူမျိုး၏ သမိုင်းအစဉ်အလာနှင့် လိုက်လျောညီထွေရှိသည့် နိုင်ငံတော်သစ်ကို ထူထောင်ရန် ကြိုးပမ်းနေချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်သော ကိုယ်ပိုင်အမျိုးသားရေး ရပ်တည်ချက်များကို ထိပါးစေမည့် စွက်ဖက်နှောင့်ယှက်မှုများကို ရှင်းရှင်းလင်းလင်း သိမြင်နိုင်စေရန် ညွှန်ပြကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့ဟူသော ဆောင်ပုဒ်အတိုင်း မဝေးတော့သောကာလ၌ ပညာရေးမျှော်မှန်းချက်များ အောင်မြင်စေရန် ဆရာ၊ ဆရာမများအားလုံးက မြတ်ဆရာဂုဏ်ရည်ကို ထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံတော်တည်ဆောက်ရေးတွင် အစဉ်အလာကောင်းနှင့်အညီ ပါဝင်စွမ်းဆောင်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဘီလူးချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး စစ်ဆေး လျှပ်စစ်စွမ်းအားပြည့်မီစွာ ထုတ်လုပ်နိုင်ရေး ဂရုပြုဆောင်ရွက်ရေးမှာကြား

ရန်ကုန် အောက်တိုဘာ ၃

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ၂၈ရက် မွန်းလွဲပိုင်းက လွိုင်ကော်မြို့ ဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်ရာ ရှင်းလင်းဆောင်တွင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များအား တာဝန်ခံအင်ဂျင်နီယာဦးတင်မောင်ဝင်းက ဘီလူးချောင်းရေအားလျှပ်စစ်အမှတ်(၁)နှင့် အမှတ်(၂)စက်ရုံ တည်ဆောက်မှုသမိုင်းအကျဉ်း၊ စက်ရုံနှစ်ရုံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုနှင့် တစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးနေမှု အခြေအနေ၊လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက် စက်အသစ်များတပ်ဆင်ပြီးစီးမှုနှင့် စက်များမွမ်းမံပြင်ဆင်မှုအခြေအနေ၊ စက်များစွမ်းအားပြည့်လည်ပတ်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုနှင့် ဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း၏ အဓိကအရင်းအမြစ်ဖြစ်သည့်မိုးဗြဲဆည်သို့ ၂၀၀၃ခုနှစ် မိုးရာသီနှင့် ယခုနှစ်မိုးရာသီတွင် ဆည်ရေရရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။**

### ညှိနှိုင်းဆောင်ရွက်ပေး

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားလိုအပ်မှုကို ဖြည့်ဆည်းပေးလျက်ရှိသည့် ဘီလူးချောင်းဓာတ်အားပေးစက်ရုံရှိ ဓာတ်အားပေးစက်များ ရေရှည်အသုံးပြုနိုင်ရန် အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်သွားကြရေး၊ စက်ရုံရှိဝန်ထမ်းများ၏ သွားလာရေးအဆင်ပြေစေရန်နှင့် သက်သာချောင်ချိရေးအတွက် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးရေး၊ စက်ရုံရှိဝန်ထမ်းများကလည်း လျှပ်စစ်စွမ်းအား ပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် ဂရုပြုဆောင်ရွက်ကြရေးမှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် အမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ၂၈မဂ္ဂါဝပ်ရှိ ဂျင်နရေတာခြောက်လုံးဖြင့် လျှပ်စစ်ဓာတ်အား ၁၆၈ မဂ္ဂါဝပ်ထုတ်လုပ်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ အမှတ်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ၁၄မဂ္ဂါဝပ်ရှိဂျင်နရေတာနှစ်လုံးဖြင့် လျှပ်စစ်ဓာတ်အား၂၈မဂ္ဂါဝပ်ထုတ်လုပ်နေမှုနှင့် ရေလွှဲမြောင်းမှ အမှတ်(၂)စက်ရုံသို့လွှဲပို့ဆောင်ရွက်ထားမှုအခြေအနေများကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် အမှတ်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ပေးပို့မည့်ရေများကို သိုလှောင်သည့် ရေစုကန်သို့ သွားရောက်၍ရေလှောင်ထားမှု၊ ရေပို့သည့်ပိုက်လိုင်း သွယ်တန်းထားမှုနှင့် ရေလှောင်ကန်အတွင်းရှိ အမှိုက်များ ဆည်ယူရန် တပ်ဆင်ထားသော အမှိုက်ရှင်းစက်၏လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက လိုအပ်သည်များမှာကြား ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ဘီလူးချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအမှတ်(၁)နှင့် အမှတ်(၂)တို့မှ ၁၄မဂ္ဂါဝပ်ဂျင်နရေတာနှစ်လုံး၊ ၂၈မဂ္ဂါဝပ် ဂျင်နရေတာ ခြောက်လုံးတို့ဖြင့် လျှပ်စစ်ဓာတ်အား ၁၉၆မဂ္ဂါဝပ်ကို ပုံမှန်ထုတ်လုပ်၍ နိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးပေးလျက်ရှိရာ ၂၀၀၃-၂၀၀၄ခုနှစ်တွင် စက်ရုံအမှတ်(၁)မှ လျှပ်စစ်ဓာတ်အားယူနစ်သန်း ၂၂၄ဒသမ၈၈၊ စက်ရုံအမှတ်(၂)မှ ယူနစ်သန်း ၁၂၄၂ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

### လှည့်လည်ကြည့်ရှုအားပေး

စက်တင်ဘာ ၂၉ရက်နံနက်ပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်၊ဖယ်ခုံတပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးလွင်နှင့် တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့နယ် ကုန်းသာကျေးရွာမှ တောင်သူဦးကာမီမိုးတို့နှင့် ဦးဂျိုးဇက်တို့၏အထွက်တိုး ရွှေရင်အေးစပါး၃၁ဧက စိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက လိုက်ပါ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့ဝင်များသည် ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်အစပ်ရှိ ဝါရီကောခုကျေးရွာမှ ဒေသခံတောင်သူများ စိုက်ပျိုးထားသော ရွှေရင်အေးစပါး၈၅၀ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသည့် စိုက်ကွင်းသို့ရောက်ရှိ ကြည့်ရှုအားပေးရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှမောင်က တောင်သူ၃၃ဦးတို့၏ ရွှေရင်အေးအထွက်တိုးစပါး စိုက်ပျိုးထားရှိမှု၊ မြေဩဇာကြဲပက် ဆောင်ရွက်မှု၊ စိုက်ကွင်းအတွင်း ရေထုတ်ပေါင်းသတ်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းပြသသည်။

### ဒေသခံတောင်သူများအားတွေ့ဆုံ

ယင်းနောက် ရှင်းလင်းဆောင်တွင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် ဒေသခံတောင်သူများအား တွေ့ဆုံဆွေးနွေးရာ ရှေးဦးစွာ ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးခင်မောင်လတ်က လွိုင်ကော်မြို့နယ် ကုန်းသာကျေးရွာအုပ်စုအတွင်း မိုးဗြဲရေလှောင်ကန် လက်ဝဲတူးမြောင်းမှ ရေရရှိမှု၊ ယခုနှစ် မိုးစပါးအောင်မြင်စွာ စိုက်ပျိုးထားရှိမှု၊ ရွှေရင်အေးစပါး စံပြစိုက်ကွက်များ စိုက်ပျိုးထားရှိမှု၊ တစ်ဧက စပါးတင်း၁၅၀ထွက်ရှိမှုနှင့် ဒေသဝမ်းစာဖူလုံရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်က ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်း စပါးအထူးအထွက်တိုးရေး ကြိုးပမ်းဆောင်ရွက်မှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့သည် ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာ စိုက်ကွင်း၌ကျင်းပသည့် တမန်နှီး၊ ပေါင်းလိုက်၊ မြေဩဇာကြဲပက်ပွဲသို့ တက်ရောက်ရာ ရှင်းလင်းဆောင်တွင် ဖယ်ခုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးညွန့်ဝေက မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို ဇယားကားချပ်များနှင့် ရှင်းလင်းတင်ပြပြီး တောင်ကြီးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်က ပြည်နယ်အတွင်း အဓိကသီးနှံ၁၀မျိုး စိုက်ပျိုးဆောင်ရွက်မှု၊ မိုးစပါးဧက ခြောက်သိန်း ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဒေသခံတောင်သူများ ဝင်ငွေတိုးတက်စေရေး ပံ့ပိုးကူညီမှု၊ ဆောင်ရွက်နေမှု အခြေအနေများကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူးနှင့်အဖွဲ့သည် မိုးဗြဲရေလှောင်ကန် ရှင်းလင်းဆောင်သို့ရောက်ရှိရာ ရေလှောင်ကန်တာဝန်ခံ ဦးလှမိုးက မိုးဗြဲရေလှောင်ကန်သို့ နှစ်စဉ်ရေဝင်ရောက်မှုနှင့် ရေထုတ်ပေးမှုအခြေအနေများကို အခြေပြဇယား၊ ကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ရေလှောင်ကန်၏ ကန်ပေါင်ကြံ့ခိုင်ကောင်းမွန်မှု၊ လက်ဝဲ၊ လက်ယာတူးမြောင်းနှင့် စိုက်ပျိုးမြေများသို့ ရေဖြန့်ဝေပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### လိုအပ်သည့်ရေပမာဏထုတ်လွှတ်ပေးနိုင်မည်

ယခုအခါ မိုးဗြဲရေလှောင်ကန်အတွင်း ရေဝင်ရောက်မှုသည် အမြင့် ၂၈၉၄ ဒသမ ၅၃ပေသို့ ရောက်ရှိနေပြီး ရေလှောင်ကန်၏ ရေဝင်ဆံ့မှုအမြင့် ၂၈၉၇ပေသို့ ပြည့်မီရောက်ရှိရန် ၂ ဒသမ ၄၇ပေသာ လိုတော့၍ မကြာမီတွင် ရေများသတ်မှတ်ရေအမှတ်သို့ ရောက်ရှိမည်ဖြစ်သည့်အတွက် ၂၀၀၅-၂၀၀၆ ခုနှစ် စိုက်ပျိုးရာသီတွင် ရေအလုံအလောက်ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်းနှင့်ဘီလူးချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့လည်း လိုအပ်သည့်ရေပမာဏကို ကောင်းစွာ ထုတ်လွှတ်ပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ရင်းရင်းနှီးနှီးနှုတ်ဆက်

**မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ပဒုမ္မာ အားကစားခန်းမ၌ စခန်းသွင်းလေ့ကျင့်နေကြသော မြန်မာ့လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင် ဂူရှူးအားကစားသမားများ၊ မျိုးဆက်သစ်အားကစားသမားမောင်မယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)**

❐ **ရှေ့ဖုံးမှ**

တာဝန်ရှိသူများ၊ ဂူရှူးအားကစားမောင်မယ်များက ကြိုဆိုကြသည်။

### ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် စခန်းသွင်း လေ့ကျင့်လျက်ရှိသော ဂူရှူးအားကစားသမားများ၏ အိပ်ခန်းများ၊ စားသောက်ဖွယ်ရာများနှင့် စားဖိုဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်ကို ၁၉၉၃ခုနှစ် နိုဝင်ဘာလက စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၉၄ခုနှစ် မေလတွင် အာရှဂူရှူးအဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ယင်းနှစ် ဇွန်လတွင် အရှေ့တောင်အာရှဂူရှူးအဖွဲ့ချုပ် အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ယင်းနှစ် အောက်တိုဘာလတွင် ကမ္ဘာ့ဂူရှူးအဖွဲ့ချုပ် အဖွဲ့ဝင်အဖြစ် လည်းကောင်း ပါဝင်လှုပ်ရှားလာသည်ကို တွေ့ရကြောင်း။

### အိမ်ရှင်အဖြစ်ကျင်းပမည်

ယခုအခါတွင် မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်၏ သက်တမ်း ၁၀နှစ်ကျော်ခန့်ကာလအတွင်းဖြစ်သော ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် (၆)ကြိမ်မြောက် အာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲကို မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

### ဆုတံဆိပ်စတင်ဆွတ်ခူး

မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်အနေဖြင့် သက်တမ်းတစ်နှစ်ကျော်မျှကာလဖြစ်သော ၁၉၉၅ခုနှစ်တွင် အရှေ့တောင်အာရှ ဂူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်လေးခုကို လည်းကောင်း၊ ၁၉၉၄ခုနှစ်တွင် အရှေ့တောင်အာရှ ဂူရှူးတံခွန်စိုက်ပြိုင်ပွဲ၌ ရွှေတံဆိပ် ၁၁ခု၊ ငွေတံဆိပ် ရှစ်ခုနှင့် ကြေးတံဆိပ် ၁၀ခုကို လည်းကောင်း စတင်ဆွတ်ခူးနိုင်ခဲ့ကြောင်း။

ထို့အပြင် အာရှအဆင့်၌ ၂၀၀၀ ပြည့်နှစ်တွင် (၅)ကြိမ်မြောက်အာရှ ဂူရှူးတံခွန်စိုက်ပြိုင်ပွဲ၌ ငွေတံဆိပ်ခြောက်ခုနှင့် ကြေးတံဆိပ်တစ်ခုကို လည်းကောင်း၊ ၂၀၀၂ခုနှစ်တွင် (၁၄)ကြိမ်မြောက် အာရှဂူရှူးအားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခုတို့ကို လည်းကောင်း ဆွတ်ခူးရရှိခဲ့ကြောင်း။

### နိုင်ငံ့ဂုဏ်ဆောင်နိုင်

ကမ္ဘာ့အဆင့်အနေဖြင့်ကြည့်လျှင် ၂၀၀၁ခုနှစ် (၆)ကြိမ်မြောက်ကမ္ဘာ့ဂူရှူးတံခွန်စိုက်ပြိုင်ပွဲ၌ ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခုတို့ကို ရရှိခဲ့ပြီး ၂၀၀၃ခုနှစ် (၇)ကြိမ်မြောက် ကမ္ဘာ့ဂူရှူးတံခွန်စိုက်ပြိုင်ပွဲ၌ ရွှေတံဆိပ်နှစ်ခုနှင့် ငွေတံဆိပ်လေးခုတို့ကိုဆွတ်ခူးနိုင်ခဲ့ပြီး ၅၉နိုင်ငံမှအားကစားသမား၄၀၀ကျော် ပြိုင်ပွဲဝင်ခဲ့သည့်အနက် မြန်မာနိုင်ငံက အဆင့်(၅)ရရှိကာ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ခဲ့ကြောင်း။

ယခု၂၀၀၄ခုနှစ်အတွင်း (၆)ကြိမ်မြောက် အာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲကို မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံပြီး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပြိုင်ပွဲ၌ အောင်နိုင်မှုဆုတံဆိပ်များ ရရှိရေးတို့အတွက် မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်က ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်အပိုင်းကလည်း လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

### အားသွန်ခွန်စိုက်ကြိုးပမ်း

ယင်းနောက် မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ် စတင်တည်ထောင်ခဲ့သော ၁၉၉၃ ခုနှစ်မှစတင်၍ ယခုအချိန်အထိ အဖွဲ့ချုပ်အနေဖြင့် မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည် ဆိုသည့် နိုင်ငံတော်က ချမှတ်ပေးထားသည့် မူဝါဒလမ်းညွှန်ချက်ကို ဦးထိပ်ပန်ဆင်ပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

၁၉၉၅ခုနှစ်ကစတင်၍ နိုင်ငံတကာပြိုင်ပွဲများ၌ စတင်ဆုတံဆိပ်များရရှိခဲ့ပြီး အရှေ့တောင်အာရှအဆင့်မှ အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်အထိ အောင်မြင်မှုဆုတံဆိပ်များ အဆင့်ဆင့် ဆွတ်ခူးရရှိလာခဲ့ကြောင်း။

### ပြည်ပနိုင်ငံ စေလွှတ်လေ့ကျင့်

ဆက်လက် အောင်ပွဲဆင်ရေးအတွက် မြန်မာ့လက်ရွေးစင် ဂူရှူးအားကစားသမားများနှင့် အလားအလာကောင်းသော မျိုးဆက်သစ်ဂူရှူး အားကစားသမားများကို မြန်မာနိုင်ငံ၌ စခန်းသွင်း၍ ပြည်ပနည်းပြများဖြင့် လေ့ကျင့်ပေးမှု၊ ပြည်ပနိုင်ငံများသို့ စေလွှတ်လေ့ကျင့်ပေးမှုများ ကြိုးပမ်းဆောင်ရွက်နေကြောင်း။

ရက်ရှည်စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိပြီး အာဟာရပြည့် အစားအစာများ ကျွေးမွေးမှု အပါအဝင် နေထိုင်စားသောက်ရေး၊ ကျန်းမာရေးတို့ကို ဂရုပြုဆောင်ရွက်လျက်ရှိကြောင်း။

### စနစ်တကျဆောင်ရွက်လျက်ရှိ

ယခုမြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၆) ကြိမ်မြောက် အာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲကြီး အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရေးနှင့် မြန်မာနိုင်ငံအနေဖြင့် အောင်နိုင်မှု ဆုတံဆိပ်များ ရရှိရေးအတွက် စနစ်တကျ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဂူရှူးအားကစားနည်းကို အားကစားနည်းတစ်ရပ်အနေဖြင့် လည်းကောင်း၊ ကျန်းမာရေးအတွက် လည်းကောင်း၊ ကိုယ်ခံပညာအဖြစ် လည်းကောင်း မျိုးဆက်သစ်လူငယ်များ စိတ်ပါဝင်စား လေ့လာလိုက်စားလာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြသည်။

### သရုပ်ပြသမှုကြည့်ရှု

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့၌ ကျင်းပခဲ့သည့် (၁၄)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ၂၀၀၃ ခုနှစ် အောက်တိုဘာလက ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် အာရှလူငယ်(၁၇)နှစ်အောက် ဂူရှူးတံခွန်စိုက်ပြိုင်ပွဲ၊ တရုတ် မကာအို၌ ၂၀၀၃ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် (၁၇)နှစ်အောက် ဂူရှူးတံခွန်စိုက်ပြိုင်ပွဲနှင့် (၇)ကြိမ်မြောက် ကမ္ဘာ့ဂူရှူးတံခွန်စိုက်ပြိုင်ပွဲ၊ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပခဲ့သည့် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတို့တွင် ရွှေ၊ ငွေ၊ ကြေး တံဆိပ်ဆုများ ရရှိခဲ့ကြသော ဂူရှူးအားကစားသမားများနှင့် အသက် ၉ နှစ်မှ ၁၂ နှစ်အရွယ်အတွင်းရှိ ဂူရှူးအားကစားသမားမောင်မယ်များ သရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြသည်။

### နှုတ်ဆက်အားပေး

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လူငယ်ဂူရှူးအားကစားမောင်မယ်များ၊ မျိုးဆက်သစ် ဂူရှူးအားကစားမောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်မှ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

**(သတင်းစဉ်)**

## ရေပြင်လေမိုင် ၄၀ တိုက်ခတ်နိုင်

ရန်ကုန် အောက်တိုဘာ ၃

**ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာ ရွေ့လျားခြင်းမရှိဘဲ အိန္ဒိယနိုင်ငံ ကိုလ်ကာတာမြို့၏ အနောက်တောင်ဘက် မိုင်၄၀၀ခန့်အကွာ ပင်လယ်ပြင်ကို ဆက်လက် ဗဟိုပြုလျက်ရှိနေသည်။ ယင်းမုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာခြင်းမရှိဘဲ မြောက်ယွန်းယွန်းသို့ ရွေ့လျားဖွယ်ရာ ရှိသည်။ မုန်တိုင်းငယ်၏ ဗဟိုချက်အနီးတွင် ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။** (မြန်မာ့အလင်း)

## ကြည့်ရှုစစ်ဆေး

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ဗိုလ်မြတ်ထွန်းတံတား ကြိမ်ပင်ဆည်ဘက်ကမ်း ကမ်းထိန်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)**



## ညောင်တုန်းရေလမ်းကြောင်းနှင့် ဗိုလ်မြတ်ထွန်းတံတားကြိမ်ပင်ဆည်ဘက်ကမ်း ကမ်းထိန်းလုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၃**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ခင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ညောင်တုန်းမြို့သို့ ရောက်ရှိရာ ပန်းလှိုင်မြစ် အကောက်စခန်းရုံး၌ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်အောင်က ပန်းလှိုင်မြစ်အတွင်း ရေယာဉ်များ ဖြတ်သန်းခုတ်မောင်းသည့် အခြေအနေ၊ လအလိုက် ဝင်ငွေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးချစ်ခင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ညောင်တုန်းမြို့(၁၂)လမ်း ကမ်းနားရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရေယာဉ်ဖြင့် ညောင်တုန်း စက္ကော့ရေလမ်းကြောင်းအခြေအနေ၊ ရေကြောင်းပြောင်းလဲလာမှုအခြေအနေ၊ ရေယာဉ်များ ခုတ်မောင်းသွားလာရန် ဗိုလ်မြတ်ထွန်းတံတား ရေလမ်းကြောင်းအမှတ်အသားများ တပ်ဆင်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဗိုလ်မြတ်ထွန်းတံတား ကြိမ်ပင်ဆည်ဘက်ကမ်းသို့ ရောက်ရှိကြရာ ယာယီရှင်းလင်းဆောင်၌ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရေဘက်ဆိုင်ရာအင်ဂျင်နီယာ ဦးလှမြင့်သိန်းက ဗိုလ်မြတ်ထွန်းတံတား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ထားရှိသည့်လုပ်ငန်းအဆင့်ဆင့်ဖြစ်သော ရေကြောင်းပြောင်းလဲမှုအစီအမံများ၊ ကမ်းထိန်းအစီအမံများနှင့် အကျိုးသက်ရောက်မှုများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်ဦးချစ်ခင်က ဖြည့်စွက်ရှင်းလင်းရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး လုပ်ငန်းများအရှိန်အဟုန်မပျက် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့်အဖွဲ့သည် ကြိမ်ပင်ဆည်ဘက်ကမ်း ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖော်လူဂျာမြို့အား လေကြောင်းမှ ကန်တို့ ထပ်မံတိုက်ခိုက် အပြစ်မဲ့ပြည်သူ လေးဦးသေဆုံး၊ အများအပြားဒဏ်ရာရ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဖော်လူဂျာမြို့ကို အမေရိကန် စစ်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်မှုကြောင့် နေအိမ်အများအပြားပျက်စီးပြီး ချိုင့်ကျင်းကြီးဖြစ်သွားသည်ကို အောက်တိုဘာ ၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာ အောက်တိုဘာ ၂

**အမေရိကန်တပ်များက ဖော်လူဂျာမြို့အား လေကြောင်းမှနေ၍ သောကြာနေ့က ထပ်မံပြီး ပြင်းပြင်းထန်ထန်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ လေးဦး ထက်မနည်း သေဆုံးပြီး အများအပြား ဒဏ်ရာရခဲ့သည်။**

ယင်းသို့ လေကြောင်းမှတိုက်ခိုက်မှုကြောင့် ဖော်လူဂျာမြို့ အရှေ့ဘက် အယ်လ်ဂျူဂေဖီအရပ်တွင် အိမ်လေးလုံး ဆိုးဆိုးရွားရွားပျက်စီးခဲ့ရပြီး လူလေးဦးသေဆုံးခဲ့ရကြောင်း ဖြစ်ပွားရာနေရာ၌ ရှိနေသည့် ဆင်ဟွာသတင်းထောက်က သတင်းပို့သည်။

သေဆုံးသူလေးဦးမှာ ကလေးနှစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့်အမျိုးသားတစ်ဦးဖြစ်ကြောင်း၊ ဒဏ်ရာရသူ ၁၂ဦးတွင် ကလေးရှစ်ဦးပါဝင်ကြောင်း ဖော်လူဂျာဆေးရုံမှ အရာရှိတစ်ဦးဖြစ်သူ အဗ္ဗဒူလာဆာဂါက ပြောကြားသည်။

**ပစ်မှတ်ထား**

ယင်းသို့ တိုက်ခိုက်မှုနှင့်ပတ်သက်၍ ဘဂ္ဂဒက်ရှိ အမေရိကန်စစ်ဘက်က မည်သို့မျှ မပြောကြားပေ၊ အကြမ်းဖက်မှုကို နောက်ကွယ်မှ ကြိုးကိုင်စီစဉ်ပေးသူ အဘူမူဆက်အယ်လ်ဇာကာဝီကို သစ္စာခံသူများအသုံးပြုသည့်နေရာများဟု သင်္ကာမကင်းသောနေရာများအား ပစ်မှတ်ထားပြီး ဖော်လူဂျာမြို့အား အမေရိကန်တို့က လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**



# ကန်စစ်ယာဉ်တန်းအား အီရတ်ပြောက်ကျားတို့တိုက်ခိုက် အမေရိကန် စစ်ယာဉ်နှစ်စီး မီးလောင်ပျက်စီး

ဘဂ္ဂဒက် အောက်တိုဘာ ၂

**ဖော်လူဂျာမြို့အနောက်ဘက်တွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခုအား အီရတ်ပြောက်ကျားတို့က တိုက်ခိုက်ခဲ့ရာ အမေရိကန်ဟမ်းဗီးစစ်ယာဉ်နှစ်စီး မီးလောင်ပျက်စီးသွားကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။**

တိုက်ခိုက်မှုမှာ ဖော်လူဂျာမြို့ အနောက်ဘက်ရှိ တံတားတစ်ခု၌ သောကြာနေ့ နံနက်ပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပြောက်ကျားတို့က တင့်ကားသုံးစီးနှင့် ဟမ်းဗီးနှစ်စီးပါဝင်သော ယာဉ်တန်းကို ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်ခဲ့ရာမှ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**ပျံ့ဝဲစောင့်ကြပ်**

တိုက်ခိုက်မှုဖြစ်ပြီးနောက် အမေရိကန်နှင့် အီရတ်အမျိုးသား အစောင့်တပ်များက ထိုဒေသကို ပိတ်ထားလိုက်ပြီး ရဟတ်ယာဉ်များက ကောင်းကင်၌ ပျံ့ဝဲစောင့်ကြပ်နေခဲ့သည်ဟု မျက်မြင်တွေ့ရှိသူ တစ်ဦးက ပြောကြားသည်။

**ခုခံတိုက်ခိုက်ခဲ့**

လွန်ခဲ့သည့်နှစ်၌ အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်များ ကျူးကျော်ခဲ့ချိန်မှစပြီး ဘဂ္ဂဒက်အနောက်ဘက် ကီလိုမီတာ ၅၀ ခန့်တွင်ရှိသော ဖော်လူဂျာမြို့၌ အီရတ်ပြောက်ကျားများက အမေရိကန်တပ်ဖွဲ့များအား အပြင်းအထန် ခုခံတိုက်ခိုက်လျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# သမ္မတဘုရှ်သည် အကြမ်းဖက်မှုနှိမ်နင်းရေးမှ လမ်းလွဲပြီး အီရတ်ကို စစ်ပွဲဆင်နွှဲခဲ့ခြင်းဖြစ်သည်ဟုဆို

ဝါရှင်တန် အောက်တိုဘာ ၁

**အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်နှင့် ၎င်း၏ယှဉ်ပြိုင်ဘက် ဒီမိုကရက်တစ်အမတ် သမ္မတလောင်းဂျွန်ကယ်ရီတို့သည် အိမ်ဖြူကို ရရှိရေးတွင် အီရတ်စစ်ပွဲနှင့်ပတ်သက်၍ ကြာသပတေးနေ့က မျက်နှာချင်းဆိုင်ပြီး အချေအတင် စကားစစ်ထိုးခဲ့ကြသည်။**

သမ္မတဘုရှ်သည် အကြမ်းဖက်မှုနှိမ်နင်းရေးမှ လမ်းလွဲကာ အီရတ်တွင် စစ်ပွဲဆင်နွှဲခဲ့ကြောင်း ကယ်ရီက စွပ်စွဲခဲ့သည့်နည်းတူ ဘုရှ်ကလည်း ထိုနေ့၌စကားအချေအတင်ပြောဆိုရာတွင် ဆက်ဒမ်ဟူစိန်ကို ဖယ်ရှားလိုက်သည့်အတွက် ကမ္ဘာကြီးလုံခြုံအေးချမ်းသွားပြီဖြစ်ကြောင်း မရမက ပြောဆိုခဲ့သည်။

**အချေအတင်ပြောဆို**

မိမိဆိုလျှင် အကြမ်းဖက်သမားများ မည်သည့်နေရာ၌ ရှိသည်ဖြစ်ပါစေ လိုက်လံရှာဖွေ နှိမ်နင်းသွားမည်ဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့သည် ပါးပါးနပ်နပ် ထက်ထက်မြက်မြက် ရှိကြရမည်ဖြစ်ကြောင်း ဖလော်ရီဒါပြည်နယ်ရှိ မီယာမီတက္ကသိုလ်၌ စကားအချေအတင် ပြောဆိုရာတွင် ကယ်ရီက ပြောကြားခဲ့သည်။

ပါးပါးနပ်နပ်ထက်ထက်မြက်မြက်ရှိရမည့်ဆိုသည်အဓိပ္ပာယ်မှာ အိုဆမာဘင်လာဒင်ကို နှိမ်နင်းရာတွင် အာဖဂန်နစ္စတန်၌ အကြမ်းဖက်မှုအပေါ် ဆင်နွှဲသည့်စစ်ပွဲကို လမ်းလွဲပြီး အီရတ်သို့ စစ်ပွဲဆင်နွှဲခြင်းမျိုးမဟုတ်ကြောင်း ကယ်ရီက ပြောကြားသည်။

**ပြန်လည်ချေပ**

ထိုအချေအတင်ဆွေးနွေးနွေးပွဲတွင် ဘုရှ်ကလည်း ဂျွန်ကယ်ရီသည် အီရတ်နှင့်ပတ်သက်၍ သဘောထားပြောင်းခြင်းဖြင့် လုပ်ဆောင်ချက် မှားယွင်းခဲ့ကြောင်း၊ စစ်အင်အား အသုံးပြုရေးကို ထောက်ခံအတည်ပြုပေးခဲ့ပြီး ထိုသို့စစ်အင်အားသုံးခြင်းသည် မှားယွင်းသည်ဟု ပြောဆိုပြန်ကြောင်း ပြန်လည်ချေပပြောဆိုခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**



**မီးလောင်ကျွမ်း**

**အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန် စစ်ယာဉ်တစ်စီး မီးလောင်နေသည်ကို အောက်တိုဘာ ၂ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ပြင်သစ် ဓားစာခံနှစ်ဦး လွှတ်ပေးရေးကိစ္စ ကန်တို့ ပစ်ခတ်မှုကြောင့် နှောင့်နှေးခဲ့ရ

ဒမတ်စကတ် အောက်တိုဘာ ၂

**ပြင်သစ်ဓားစာခံနှစ်ဦးအား ပို့ဆောင်ပေးသော အီရတ်တို့ကို အမေရိကန်တို့က ပစ်ခတ်ခြင်းကြောင့် ပြန်ပေးဆွဲခံထားခဲ့ရသည့် ပြင်သစ်သတင်းစာဆရာနှစ်ဦးလွှတ်မြောက်ရေးသည် သောကြာနေ့က နှောင့်နှေးခဲ့ရသည်ဟု ဓားစာခံများလွှတ်မြောက်ရေး စေ့စပ်ဆွေးနွေးပွဲ၌ပါဝင်သူ ပြင်သစ်ဥပဒေရေးရာအရာရှိ ဒီဒီယာဂျူလီယာက ပြောကြားသည်။**

**ပြောကြား**

ပြင်သစ်သတင်းစာဆရာနှစ်ဦး လွှတ်မြောက်ရေးအတွက် ပြန်ပေးသမားများကို ဂျူလီယာ၏ လက်ထောက်အရာရှိ ဖိလစ်ဘရက်က ဖျောင်းဖျခဲ့ကြောင်း ဓားစာခံနှစ်ဦးအား သီးခြားလိုက်ပို့သော ယာဉ်တန်းနှစ်ခု အမေရိကန်တို့ ပစ်ခတ်တိုက်ခိုက်ခြင်းခံခဲ့ရကြောင်း ဂျူလီယာက ပြောကြားသည်။

**အစီအစဉ်ပျက်**

ထိုသို့ တိုက်ခိုက်ခံရသဖြင့် သတင်းစာဆရာများကို အကာအကွယ်ပေးသောအဖွဲ့မှ အီရတ်ခြောက်ဦးသေဆုံးခဲ့ရပြီး ဓားစာခံနှစ်ဦးမှာမူ ထိခိုက်ခြင်းမရှိကြောင်း ဂျူလီယာက ပြောကြားပြီး ဂျူလီယာ၏ လက်ထောက်အရာရှိတစ်ဦးဖြစ်သူ ဖိလစ်အီဗန်နိုကလည်း ဆီးရီးယားသို့ ဓားစာခံနှစ်ဦးကိုခေါ်လာသော ယာဉ်တန်းအား အမေရိကန်တို့ကပစ်ခတ်ခဲ့သဖြင့် ဓားစာခံများ၏ လွှတ်မြောက်ရေးအစီအစဉ် ပျက်ခဲ့ရကြောင်း အတည်ပြုပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အမေရိကန်မူဝါဒ ပြောင်းလဲမှု ရှိမည်မဟုတ် ဘုရှ်နှင့်ကယ်ရီ အတူတူပင်ဖြစ်ဟု အီရတ်တို့ ထင်မြင်ယူဆ

**ဘဂ္ဂဒက် အောက်တိုဘာ ၂**

အီရတ်နိုင်ငံသားများသည် နေ့စဉ် ရင်ဆိုင်နေရသော လုံခြုံရေးအခြေအနေနှင့် နပန်းလုံးနေကြရပြီး ယမန်နေ့က ဖြစ်ပျက်ခဲ့သည့် ဗုံးပေါက်ကွဲမှုကြောင့် ကလေးငယ်များ အမြောက်အမြား သေဆုံးခဲ့ရသဖြင့် စိတ်ပင်ပန်းဆင်းရဲနေကြရသည်။

အမေရိကန်သမ္မတ ရွေးကောက်ပွဲကို မကြာမီကျင်းပမည်ဖြစ်ရာ သမ္မတအပြောင်းအလဲနှင့် ပတ်သက်ပြီး အီရတ်များ၏ ထင်မြင်ယူဆချက်ကိုစူးစမ်းကြည့်ရာတွင် ဘုရှ်ဖြစ်စေ၊ ကယ်ရီဖြစ်စေ အတူတူပင်ဖြစ်ကြောင်း၊ အမေရိကန်တို့၏ မူဝါဒသည် ပြောင်းလဲမှုရှိမည်မဟုတ်ဘဲ ပုံသေဖြစ်ကြောင်း ပြောကြားလျက်ရှိသည်။ အီရတ်တို့၏အလိုလားဆုံးမှာ နိုင်ငံအတွင်း လုံခြုံတည်ငြိမ်မှုရရှိစေလိုခြင်းဖြစ်ပြီး အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံမှ အမြန်ဆုံး ထွက်ခွာသွားစေလိုကြကြောင်း။ အီရတ်နိုင်ငံကို အီရတ်တို့ကသာ လွတ်လွတ်လပ်လပ် အုပ်ချုပ်စေလိုသော ဆန္ဒသည် အရေးအကြီးဆုံး လိုအပ်ချက်ဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

# တရုတ်နိုင်ငံ၏ နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာပိုင်မှု မယိမ်းမယိုင်စောင့်ရှောက်သွားမည်ဟု ဝန်ကြီးချုပ် ဝမ်ကျားပေါင်ပြောကြား

ပေကျင်း အောက်တိုဘာ ၁

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်(၅၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို စက်တင်ဘာ ၃၀ရက်က ပြုလုပ်ခဲ့သည်။ တရုတ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးကိစ္စသည် အဆုံးတွင် မဖြစ်မနေအောင်မြင်ရမည့်ကိစ္စပင်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်က ယင်းအခမ်းအနားတွင် ပြောကြားခဲ့သည်။**

အဆိုပါအခမ်းအနားသည် တရုတ်နိုင်ငံတော်ကောင်စီက ကြီးမှူးကျင်းပသော အခမ်းအနားဖြစ်သည်။ တရုတ်နိုင်ငံသည် တစ်နိုင်ငံ စနစ်နှစ်မျိုးထားရှိဆောင်ရွက်ရေးကိစ္စကိုလည်းကောင်း၊ ငြိမ်းချမ်းစွာ တရုတ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးကိစ္စကိုလည်းကောင်း ဆက်လက်စွဲကိုင်ကျင့်သုံးသွားမည်ဖြစ်သည်ဟု ဝမ်ကျားပေါင်က ပြောကြားသည်။

တရုတ်နိုင်ငံသည် ထိုင်ဝမ်ရှိ ခွဲထွက်ရေးသမားများကို ခိုင်မာစွာ ဆန့်ကျင်မည့်အပြင် တရုတ်နိုင်ငံ၏ နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုတို့ကိုလည်း မယိမ်းမယိုင် စောင့်ရှောက်သွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။ ထိုအခမ်းအနားသို့ ထင်ရှားသောခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

ဟောင်ကောင်၊ မကာအိုနှင့် ထိုင်ဝမ်ကျွန်းများတွင် နေထိုင်ကြသူများသည် တရုတ်တစ်ပြည်တည်းသား ညီအစ်ကိုမောင်နှမများသာဖြစ်သည်။ တရုတ်နိုင်ငံသည် ဟောင်ကောင်သားများက ဟောင်ကောင်ဒေသကို အုပ်ချုပ်သောစနစ်၊ မကာအိုသားများက မကာအိုကို အုပ်ချုပ်သောစနစ်ကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်သည်။ အဆိုပါ အထူးအုပ်ချုပ်ရေး ဇုန်နှစ်ခုတို့၏ ရေရှည်တည်ငြိမ်အေးချမ်းရေးနှင့် ချမ်းသာဝပြောရေးကိုရရှိအောင် သက်ဆိုင်ရာဥပဒေများနှင့်အညီ ထိန်းသိမ်းလုပ်ဆောင်သွားမည်ဖြစ်သည့်အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် အခွင့်အရေးကိုလည်း မြင့်မားစွာခွင့်ပြုထားမည်ဖြစ်ကြောင်း ဝမ်ကျားပေါင်က ပြောကြားသည်။

တရုတ်နိုင်ငံထူထောင်ခဲ့သည့် (၅၅)နှစ်တာ ကာလအတွင်း ဆိုရှယ်လစ်လမ်းကြောင်းဆီသို့ တရုတ်နိုင်ငံ၏ထူးခြားသော လက္ခဏာများလည်း မပျောက်ပျက်အောင် တရုတ်ကွန်မြူနစ်ပါတီက ဦးဆောင်ကာ အကောင်အထည်ဖော်နိုင်ကြောင်း ပြသနိုင်ခဲ့ပြီဖြစ်သည်။

**အမ်အင်အေ၊ ဆင်ဟွာ**




# အင်ဒိုနီးရှားသို့ နိုင်ငံခြား ခရီးသွားများ လာရောက်လည်ပတ်မှု တိုးတက်များပြား

ဂျကာတာ အောက်တိုဘာ ၂

**အင်ဒိုနီးရှားနိုင်ငံသို့ ဩဂုတ်လအတွင်း နိုင်ငံခြားခရီးသွားဧည့်သည် ၄၂၄၈၀၀ လာရောက်ခဲ့ရာ ယမန်နှစ် ဩဂုတ်လကထက် ၂၂ ဒသမ ၁၆ရာခိုင်နှုန်းမြင့်တက်လာကြောင်း ဗဟိုစာရင်းဇယားဗျူရို(ဘီပီအက်စ်)က သောကြာနေ့၌ ပြောကြားသည်။**

အင်ဒိုနီးရှားနိုင်ငံသို့ ဩဂုတ်လထဲ၌ နိုင်ငံခြားသားခရီးသွားများ ပိုမိုလာရောက်ကြခြင်းသည် အင်ဒိုနီးရှားနိုင်ငံ၏ လုံခြုံရေး အခြေအနေကောင်းမွန်သည့် လက္ခဏာကို ပြသည့်ပြင် ဩဂုတ်လသည် အင်ဒိုနီးရှားနိုင်ငံသို့ နိုင်ငံခြားသား ခရီးသွားများ အများဆုံးလာသောလဖြစ်ခြင်းကြောင့်ဖြစ်သည်ဟု ဘီပီအက်စ် အကြီးအကဲချိုင်ရှုမက်ဆမ်က ပြောကြားသည်။

ယခုနှစ် ဩဂုတ်လ၌ အင်ဒိုနီးရှားနိုင်ငံသို့ လာရောက်ကြသည့် နိုင်ငံခြားသား ခရီးသွားဦးရေသည် တဖြည်းဖြည်းချင်းတိုးလာခဲ့ရာ ၃ ဒသမ ၀၁ သန်းအထိ ရောက်ရှိလာခဲ့ပြီး ယမန်နှစ် ဩဂုတ်လနှင့် နှိုင်းယှဉ်လျှင် ၂၉ ဒသမ ၇၉ ရာခိုင် နှုန်းတိုးလာခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ထို့ပြင် ဩဂုတ်လ၌ပင် လှပသောအပန်းဖြေစခန်းရှိရာ ဘာလီကျွန်းသို့ လာရောက်ခဲ့ကြသည့် နိုင်ငံခြားသားခရီးသွားဦးရေသည် ယခုနှစ် ဇူလိုင်လထက် ၄ ဒသမ ၆၃ ရာခိုင်နှုန်းမြင့်မားကာ ၁၆၁၃၀၀ ဦးအထိ တိုးတက်ခဲ့သည်ဟု မက်ဆမ်က ပြောကြားသည်။ **(အင်တာနက်)**



**ပေကျင်း အမှတ်(၁)အထည်ချုပ်စက်ရုံ၌ တရုတ်အမျိုးသမီးတစ်ဦး ချည်ထည်များကို ချုပ်လုပ်နေစဉ်။** (ယင်းစက်ရုံမှ အဝတ်အထည်များကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိသည်။)

**(ဓာတ်ပုံ-အင်တာနက်)**

# ပေကျင်း-ကျူဟိုင်း အဝေးပြေးလမ်းမကြီးဖွင့်လှစ်ပြီ

ကျန်ကျိူ့ အောက်တိုဘာ ၂

**ပေကျင်းမြို့နှင့် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်ရှိ ကျူဟိုင်းမြို့သို့ ဆက်သွယ်သော အဝေးပြေးလမ်းမကြီး၏ တစ်စိတ်တစ်ဒေသဖြစ်သည့် ၉၅ ကီလိုမီတာအရှည် ဇင်ဇင်း-ကျန်ကျိူ့လမ်းပိုင်းကို ကြာသပတေးနေ့က ဖွင့်လှစ်လိုက်သည်။**

ယင်းအဝေးပြေး လမ်းမကြီးကို ၁၉၈၆ခုနှစ်က စတင်ဖောက်လုပ်ခဲ့ပြီး ပေကျင်းမှ ကျူဟိုင်းအထိ ၂၂၉၁ ကီလိုမီတာရှည်လျားသည်။ ၎င်းလမ်းမကြီးသည် ဟေဘိုင်း၊ ဟေနန်၊ ဟူဘိုင်း၊ ဟူနန်နှင့် ကွမ်တုံပြည်နယ်များသို့ ဖြတ်သန်းသွားမည်ဖြစ်ပြီး တရုတ်နိုင်ငံတွင် ပထမဆုံးသော အဝေးပြေးလမ်းမကြီးဖြစ်သည်။ အဆိုပါ အဝေးပြေးလမ်းမကြီးကို တရုတ်နိုင်ငံ မြောက်ပိုင်း၊ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများနှင့် ဆက်သွယ်ထားသည်။

**အကျိုးကျေးဇူးများရရှိ**

ယင်းအဝေးပြေးလမ်းမကြီး ဖောက်လုပ်လိုက်ခြင်းဖြင့် ယာဉ်သွားလာမှုများပြားခြင်းကို သက်သာစေခြင်း၊ စီးပွားရေးဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြင့်လာခြင်းနှင့် စီးပွားရေးကျွမ်းကျင်မှုများနှင့် လုပ်ငန်းကို မြှင့်တင်ပေးခြင်း စသောအကျိုးကျေးဇူးများ ရရှိလာမည်ဟု သိရသည်။

ဇင်ဇင်း-ကျန်ကျိူ့ ခြောက်လမ်းသွားလမ်းပိုင်းကို ၂၀၀၄ခုနှစ် ဇန်နဝါရီလက စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကုန်ကျမှုမှာ ယွမ် ၄ ဒသမ ၅၇၇ ဘီလီယံ ဖြစ်ကြောင်း၊ စုစုပေါင်း တံတားကြီး၊ တံတားလတ် ၂၅ စင်း တည်ဆောက်ပေးခဲ့ကြောင်း၊ မိုးပျံလမ်း ၂၈ ခုပါဝင်ကြောင်း သိရသည်။

**အကောင်းဆုံးတံတား**

ယင်းတံတားကြီးများနှင့် မိုးပျံလမ်းများအနက် အကောင်းဆုံးတံတားကြီးမှာ ကျန်ကျိူ့ရှိ မြစ်ဝါမြစ်ကူး အမှတ်(၂)တံတားကြီးဖြစ်သည်။ ယင်းတံတားကြီးသည် အရှည် ၉၈၄၈ ဒသမ ၁၆မီတာရှည်ပြီး အကျယ် ၄၂ မီတာရှိသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ပင်လယ်ရေကြောင်း ဖွံ့ဖြိုးမှုအစီအစဉ် စင်ကာပူ၌ စတင်

**စင်ကာပူ အောက်တိုဘာ ၂**

စင်ကာပူနိုင်ငံသည် ဦးဆောင် နိုင်ငံတကာ ပင်လယ်ရေကြောင်းဌာနအဖြစ် ၎င်း၏ပင်လယ်ရေကြောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းရာတွင် ပင်လယ်ရေကြောင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုအစီအစဉ်ကို သောကြာနေ့က စတင်ခဲ့သည်။

အဆိုပါ အစီအစဉ်၏ဦးစွာ ပထမရည်မှန်းချက်သည် ပင်လယ်ရေကြောင်းဆိုင်ရာအဖွဲ့အစည်းများနှင့် ကုမ္ပဏီများကို အားပေးကူညီရန်၊ သင်္ဘောလုပ်ငန်းသုံး ပစ္စည်းများ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို စင်ကာပူနိုင်ငံမှ ဆောင်ရွက်နိုင်ရန်အတွက် နယ်ပယ်သစ်များ စတင်ရှာဖွေရန်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့် ပို့ဆောင်ရေးဝန်ကြီး လင်ဟီးဟွာကဆိုသည်။

သင်္ဘောလုပ်ငန်းသုံး ပစ္စည်းများ ထုတ်လုပ်ရန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် အရည်အချင်းပြည့်မီသော ပင်လယ်ရေကြောင်းဆိုင်ရာ အဖွဲ့အစည်းများအား ထောက်ပံ့ရန်အတွက် အမေရိကန်ဒေါ်လာ ၄ဒသမ ၁သန်းခန့် ကျခံသုံးစွဲခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ပြည်ပမှ ကျွမ်းကျင်သူများအား တရုတ်ကြိုဆို

**ပေကျင်း အောက်တိုဘာ ၁**

တရုတ်နိုင်ငံ၏ တည်ဆောက်ရေးလုပ်ငန်းများတွင် အရည်အချင်းပြည့်ဝပြီး ကျွမ်းကျင်သော ပြည်ပနိုင်ငံခြားသားများ လာရောက်လုပ်ကိုင်ရေးကို တရုတ်နိုင်ငံက ကြိုဆိုကြောင်း တရုတ်နိုင်ငံဝန်ကြီးချုပ် ဝမ်ကျားပေါင်က ပေကျင်းမြို့တွင် ကြာသပတေးနေ့က ပြောကြားလိုက်သည်။

နိုင်ငံခြားသား ကျွမ်းကျင်သူများအတွက် နေထိုင်မှုနှင့် အလုပ်လုပ်ကိုင်ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်စေရန် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြင်ဆင်မည်ဖြစ်ကြောင်း ယခုနှစ်၏ ချစ်ကြည်ရင်းနှီးမှုဆုရရှိကြသည့် နိုင်ငံခြားသား ကျွမ်းကျင်သူ ၈၀ နှင့် တွေ့ဆုံရာတွင် ဝန်ကြီးချုပ် ဝမ်ကျားပေါင်က ပြောကြားခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရာစုတစ်ဝက်တွင် တရုတ်နိုင်ငံအနေဖြင့် ထူးထူးခြားခြား အောင်မြင်မှုများရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခုနှစ်သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ထူထောင်ခဲ့သည့် (၅၅)နှစ်မြောက် နှစ်ပတ်လည် အခါသမယလည်းဖြစ်ကြောင်း၊ ချစ်ကြည်ရင်းနှီးမှုဆု ရရှိသူများကို ကျေးဇူးတင်ဂုဏ်ယူကြောင်း မစ္စတာဝမ်က ပြောကြားသည်။

တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုနှင့် ခေတ်နှင့်အညီ တိုးတက်သည့် လူနေမှုဘဝများကို တရုတ်ပြည်သူ ပြည်သားများရရှိရေးတွင် နိုင်ငံခြားသား ကျွမ်းကျင်သူများနှင့် မိတ်ဆွေများ၏ တရုတ်နိုင်ငံတွင် လာရောက်လုပ်ကိုင်မှုများက ကူညီပံ့ပိုးမှုများ ပေးစွမ်းခဲ့ကြောင်း ဝန်ကြီးချုပ် ဝမ်ကျားပေါင်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**




**စိတ်ဝင်တစားကြည့်ရှု**

**တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ ချမ်းသာကြွယ်ဝသော ကမ္ဘာလှည့်ခရီးသွားများ စင်ကာပူနိုင်ငံသို့ အများအပြားလာရောက်လည်ပတ်လျက်ရှိကြရာ ကျောက်မျက်ရတနာနှင့် အဖိုးတန်နာရီများ ခင်းကျင်းပြသထားသည့်ဆိုင်၌ အောက်တိုဘာ ၁ရက်က စိတ်ဝင်တစားကြည့်ရှုနေကြစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ဂျီဒီပီ ဂရာခိုင်နှုန်းစံချိန်တင်ရေး လာအိုနိုင်ငံ ရည်မှန်းထား

**ဟန္နိုင်း အောက်တိုဘာ ၂**

လာအိုနိုင်ငံသည် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု တန်ဖိုး(ဂျီဒီပီ) ၇ရာခိုင်နှုန်း စံချိန်တင်တိုးတက်ရန် ရည်မှန်းထားကြောင်း လာအိုဝန်ကြီးချုပ် ဘွန်ညံဗိုရာချစ်၏ ပြောကြားချက်ကို ကေပီအယ်လ် လာအိုသတင်းဌာနက ကြာသပတေးနေ့တွင် ဖော်ပြသည်။

**ပြောကြား**

နိုင်ငံ၏ ကုန်သွယ်မှု လိုငွေသည် မျှော်လင့်ထားသော ဂျီဒီပီ ၈ရာခိုင်နှုန်းထက် နည်းမည်ဖြစ်ပြီး စီးပွားရေး ကဏ္ဍအားလုံးက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ရင်းနှီးမြှုပ်နှံမှုသည် ဂျီဒီပီ၏ ၂၈ ရာခိုင်နှုန်းကျော်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

**ခန့်မှန်း**

လာအိုသည် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ဂျီဒီပီ တိုးတက်မှု ၆ဒသမ၅ရာခိုင်နှုန်း စံချိန်တင်ရန်နှင့် ငွေကြေးဖောင်းပွမှု ၉ရာခိုင်နှုန်း အောက်လျော့ကျရန် ခန့်မှန်းထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ ပေးအပ်စိုက်ထူလှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ပရိယတ္တိ စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများက ဆရာတော်ထံ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်းရှိ စာသင်တိုက်များနှင့် သီလရှင်ကျောင်းများသို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများက ဆရာတော်ထံ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

* *ကျောဖုံးမှ*

### တက်ရောက်ကြည်ညို

အခမ်းအနားသို့ ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာဝံသအမှူးပြုသော ဆရာတော် သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

### ကြည့်မြင်တိုင်မြို့နယ်

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာဝံသထံမှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော် (ကြည်း၊ ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်းနှင့် စစ်ဦးစီးဗိုလ်မှူးကြီး(လေ) ဒုတိယဗိုလ်မှူးကြီးနေဝင်းတို့က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

### ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို ဆရာတော်ကြီးထံ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင် အတွက်အလှူငွေများ စိုက်ထူလှူဒါန်းကြရာ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုက ငွေကျပ်၄၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၂၀၀၀၊ မြန်မာပြည်သားဟော့ ကေအင်န်ကုမ္ပဏီမှ ဦးတင်ဝင်း-ဒေါ်စန်းဝင်းက ငွေကျပ် ၃၀၀၀၀၀၊ ဘီတီဘီကုမ္ပဏီမှ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့်က ငွေကျပ် ၁၅၀၀၀၊ ဝင်းရတနာခရီးသွားလုပ်ငန်းမှ ဦးတင်အောင်-ဒေါ်လှလှနွယ်က ငွေကျပ် ၁၀၈၀၀၀၊ သမ္မတသက်န်းတိုက်မှ ဦးသန်းနိုင်-ဒေါ်ကြည်ကြည်ဆွေက ငွေကျပ် ၁၂၀၀၀၀၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါးစန္ဒီပရဆေးမိသားစုက ငွေကျပ် ၁၅၀၀၉၀၊ မုန်ချိုဆေးတိုက်မှ သမားတော်ကြီး ဦးလှဌေး-ဆရာမ ဒေါ်တင်နွယ်ဦးက ငွေကျပ်၁၁၀၀၀၀၊ သီရိမင်္ဂလာဈေး သာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၊ ဦးနှင်းစိန်-ဒေါ်မြငြိမ်း (အောင်သိန်းသစ်ဆိုင်)၊ ဦးမောင်မြင့်-ဒေါ်အေးသန်း (ထွန်းမြတ်ကုမ္ပဏီ)၊ MMG Jetty ကုမ္ပဏီ၊ မြန်မာမန်းအုပ်စု ရေထွက်ပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီနှင့် မြို့နယ်အတွင်းရှိ တည်းခိုခန်းများက ငွေကျပ် ၁၀၀၀၀၀စီ၊ ကြည့်မြင်တိုင်မြို့နယ် မြို့နယ်နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ မြို့နယ်ဆန်လက်ကား ကုန်သည်များအသင်းနှင့် ဆန်းမြန်မာကုမ္ပဏီတို့က ငွေကျပ် ၈၀၀၀၀စီ၊ မြို့နယ် ဆီကိုယ်စားလှယ်များက ငွေကျပ် ၈၆၀၀၀၊ ထွန်းရွှေဝါဆေးတိုက်၊ ဦးအောင်မြင့် လူပျံတော်ပတ္တမြားဆေးတိုက်၊ သာစုအနောက် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပြည်သူများ၊ ဗားကရာ အုန်း၊ ငှက်ပျောဈေးသာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၊ ဗားကရာ မာလကာ၊ သရက်ဈေး သာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၊ စံပြငါးဒိုင်နှင့် ငါးဒိုင် အလုပ်အမှုဆောင်အဖွဲ့၊ ကမ်းနားဈေးသာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၊ အောင်သိန်းသစ်ဆိုင်မှ လုပ်သားများ၊ ဦးအေး(တွင်ခုံလုပ်ငန်း)၊ ဦးအောင်နိုင် (ဒို့ဗမာသစ်ဆိုင်)၊ ဦးဝင်းမောင် (အောင်တမန်ဆေးတိုက်)၊ ဦးသောင်းလွင် (စွယ်စုံဆေးတိုက်)၊ ကျောင်းကြီးတိုက်ဓာတ်မီးပူဖော်ရေးနှင့် ဝေယျာဝစ္စအသင်း၊ စလင်းကျောင်းတိုက် ဓာတ်မီးပူဖော်ရေးနှင့် ဝေယျာဝစ္စအသင်း၊ သာစုပရိယတ္တိစာသင်တိုက် ဂေါပကအဖွဲ့နှင့် ပြည်လုံးချမ်းသာစာသင်တိုက် ဂေါပကအဖွဲ့တို့က ငွေကျပ် ၅၀၀၀၀စီ အပါအဝင် စေတနာရှင်အလှူရှင်များက အလှူငွေကျပ်၄၈၀၇၀၉၀ကို လှူဒါန်းကြရာ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော် အရာရှိကြီးများက လက်ခံကြသည်။

ယင်းနောက် စစ်ဦးစီး ဗိုလ်မှူးကြီး (လေ) ဒုတိယဗိုလ်မှူးကြီးနေဝင်းက တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူတော်ငွေများ လှူဒါန်းရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ ကြည့်မြင်တိုင်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဥဂ္ဂသထံမှ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဝတ်အသင်းအဖွဲ့ဝင်များက အရပ်ဆယ်မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်ကြီးလေးတိုက်သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းခဲ့သော လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၁၇၈အိတ်၊ဆီ ၆၅ပိဿာ၊ ပဲ၉၁ ပိဿာ၊ အိုင်အိုဒင်းဆား ၇၅၈ပိဿာ၊ သွားတိုက်ဆားဘူး ၉၂ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၃၂၁၈ဘူးနှင့် ဆေးထုပ် ၃၉၈၀၊ ပဒုမ္မာဆပ်ပြာတောင့် ၉၁၆တောင့်၊ ငါးခြောက် ပိဿာ၇၀နှင့် ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၄၈၀၇၀၉၀ ဖြစ်သည်။

### အင်းစိန်မြို့နယ်

အလားတူ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၆တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ညနေ ၃နာရီတွင် အင်းစိန်မြို့နယ်ရှိ ရွာမ ပရိယတ္တိစာသင်တိုက် အာဟာရဒါယီ ဆွမ်းစားကျောင်းတော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ဧည့်ပရိသတ်တို့က ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော် (ကြည်း၊ ရေ၊လေ)မိသားစုများကလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများကို မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) မှ ဒုတိယဗိုလ်မှူးကြီး သန်းလှိုင်တို့က ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးတို့ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းကြသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့်ပဲများကို ဝန်ကြီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

### ဆွမ်းပဒေသာပင်အလှူငွေ

ထို့နောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများအဖြစ် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ် ၁၇၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၅၁၀၀၀၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၈၅၀၀၀၊ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများက ငွေကျပ် ၁၁၀၀၀၀၊ မြန်မာ့အားမာန်မော်တော်ယာဉ်ထုတ်လုပ်ရေးက ငွေကျပ်သုံးသိန်း၊ မြန်မာပြည်သားဟော့ကေအင်န်ကုမ္ပဏီက ငွေကျပ် နှစ်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များ အသင်းတို့က ငွေကျပ် တစ်သိန်းစီ၊ မိုးဟိန်းကုမ္ပဏီက ငွေကျပ် ၁၇၀၀၀၀၊ ဘီတီဘီကုမ္ပဏီနှင့် ဝင်းရတနာ ခရီးသွားလုပ်ငန်းတို့ကငွေကျပ်၁၅၀၀၀၀စီ၊

*စာမျက်နှာ ၇ ကော်လံ ၁*

**စာမျက်နှာ ၆ မှ**

စန္ဒီပရဆေးမိသားစုက ငွေကျပ် ၁၅၀၀၉၀၊ ရွှေပြည်သာစက်မှုဇုန် (၃)နှင့်(၄)တို့မှ စက်မှုလုပ်ငန်းရှင်များက ငွေကျပ် ၁၃၆၀၀၀၊ သမ္မတသက်န်းတိုက်က ငွေကျပ်၁၂၀၀၀၀၊ မှန်ချိုဆေးတိုက်က ငွေကျပ်၁၀၀၀၀၀၊မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်းက ငွေကျပ်တစ်သိန်း၊ ဆန်းမြန်မာကုမ္ပဏီလီမိတက်က ငွေကျပ်ရှစ်သောင်း၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှက ငွေကျပ် ခုနစ်သောင်း၊ မြောက်ဥက္ကလာပ ချမ်းမြေ့စတိုးက ငွေကျပ် ၆၃၀၀၀၊ ထွန်းရွှေဝါဆေးတိုက်၊ ဦးအောင်မြင့် လူပုံတော်ပတ္တမြားဆေးတိုက်နှင့် တိုင်းရင်းဆေးဆရာကြီး ဦးရွှေမြား- ဒေါ်ခင်ယုံတို့က ငွေကျပ်ငါးသောင်းစီ၊ စိန်နှင့်စန်းကုမ္ပဏီ၊ ရွာမပရိယတ္တိ စာသင်တိုက် ဂေါပကအဖွဲ့နှင့် စိန်ရတနာ နာရေးကူညီမှုအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ သစ်တောဦးစီးဌာန(ရုံးချုပ်)နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ်ငါးသောင်းစီအပါအဝင် အလှူရှင်များက စုစုပေါင်းအလှူတော်ငွေ ကျပ် ၃၈၀၀၉၀ ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီး၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများက စာသင်တိုက်များကိုယ်စား လက်ခံကြသည်။

### ရှင်းလင်းလျှောက်ထား

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဒုတိယဗိုလ်မှူးကြီး သန်းလှိုင်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကိုရှင်းလင်းလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော်က အနုမောဒနာတရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး ဧည့်ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ရွာမအရှေ့ရပ်ကွက် ဝတ်အသင်းက အရပ်ဆယ်မျက်နှာ ဆုတောင်းမေတ္တာပို့သကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၆ တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ယနေ့ လှူဒါန်းမှုအစုစုတို့မှာ ဆွမ်းဆန်တော် ၅၇၂ အိတ်၊ ဆီ ၂၀၂ ပိဿာ၊ အိုင်အိုဒင်းဆား ၂၂၇၁ ပိဿာ၊ သွားတိုက်ဆားဘူး ၄၀၄ ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၆၁၇၂ဘူး၊ ပဲ ၄၀၄ ပိဿာနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေ စုစုပေါင်း ငွေကျပ် ၃၈၀၀၉၀ ဖြစ်သည်။

**(သတင်းစဉ်)**

# နိုင်ငံတော်အေးချမ်းတည်ငြိမ်မှုမပျက်ပြားအောင်ကာကွယ်စောင့်ရှောက် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးဝိုင်းဝန်းပါဝင်ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၃

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် အောက်တိုဘာ၂ရက် ညနေပိုင်းက ဧရာဝတီတိုင်း ဟင်္သာတမြို့ရှိ ဟင်္သာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတွင် ခရိုင်နှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ခရိုင်နှင့်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းသည်။** (ယာအောက်ပုံ)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအချက်များဖြစ်သည့် တည်ငြိမ်အေးချမ်းမှုရှိရေး၊ စီးပွားရေး ခိုင်မာတောင့်တင်းရေး၊ ပညာရည်မြင့်မားမှုရှိရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းပြည်တိုးတက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်း။

ပြည်ထောင်စုစိတ်ဓာတ် အခြေခံထားရှိ၍ နိုင်ငံတော်အေးချမ်းတည်ငြိမ်မှုမပျက်ပြားအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ကြောင်း။

### ဝိုင်းဝန်းဆောင်ရွက်

နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံအတွင်း ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာရှေ့ထားကာဆောင်ရွက်လျက်ရှိကြောင်း၊ ရရှိထားသော အခြေခံကောင်းများအပေါ်မူတည်၍နိုင်ငံတော်သစ်အား အေးချမ်းတည်ငြိမ်စွာ တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်း ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားကြရန် ရှင်းလင်းဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဟင်္သာတမြို့ ညောင်ပင်ရပ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသားကျောင်းသူများ အသုံးပြုရန် စာအုပ်၊ ဘောပင်၊ ခဲတံတို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ဆရာ ဆရာမများက လက်ခံရယူကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဟင်္သာတမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းသို့သွားရောက်ပြီး ဝန်ကြီးနှင့်အလှူရှင်များက လှူဒါန်းသော ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးက ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးက ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မြင့်သို့ ပေးအပ်လှူဒါန်းသည်။ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

**(သတင်းစဉ်)**

# အောင်ဆန်းမိုးကုတ်ဝိပဿနာ တရားစခန်းဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၃**

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ(၇၇)၌ အောက်တိုဘာ ၁ရက်မှ ၁၅ရက်အထိ မိုးကုတ်ဝိပဿနာ ၁၅ရက် တရားစခန်းဖွင့်လှစ်ရာ ယောဂီ ၆၅၄ဦး တရားစခန်းဝင်၍ တရားအားထုတ်ကြပြီး ပဓာနနာယကဆရာတော် ပြည်တွင်းပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရအရှင်သူမြတ်က ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပာဒ်ဝိပဿနာတရားများ ဟောကြားပြသလျက်ရှိကြောင်း သိရသည်။

**(က-ပ)**



# မြန်အောင်မြို့နယ်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေး ဗဟိုအလုပ်အမှုဆောင်ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေး အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၃

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် အောက်တိုဘာ ၁ရက် နံနက်ပိုင်းတွင် မြန်အောင်မြို့ အောင်ဇေယျခန်းမ၌ကျင်းပသော မြန်အောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)သို့ တက်ရောက်အမှာစကားပြောကြားသည်။**

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများအား ဂုဏ်ပြုဆုများပေးအပ်ကာ မြို့နယ်အတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများအတွက် အလှူငွေများနှင့် မြို့နယ် အတွင်းရှိ စာကြည့်တိုက်များအတွက် စာအုပ်မျိုးစုံ ၅၇၇အုပ်လှူဒါန်းသည်။

ဆက်လက်၍ တက္ကသိုလ်ဝင် ဂုဏ်ထူးဆုများ၊ မြို့နယ်ဂုဏ်ဆောင်အားကစားထူးချွန်ဆုများ၊ တိုင်းအဆင့်သင်တန်းထူးချွန်ဆုများ၊ လူမှုရေးအသင်းအဖွဲ့များမှ ထူးချွန်သူများ၊ လူမှုရေးအသင်းအဖွဲ့များသို့ တိုင်း၊ ခရိုင်၊မြို့နယ်အဆင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

### အမှာစကား

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကြခင်းမြို့သို့ရောက်ရှိပြီး ဧရာဦးခန်းမ၌ကျင်းပသော ကြခင်းမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)သို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ထူးချွန်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုနှင့် မြို့နယ်၏ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများအတွက် အလှူငွေများ၊ မြို့နယ်အတွင်းရှိ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်မျိုးစုံ အုပ်ရေ၃၅၀တို့ကို ပေးအပ်လှူဒါန်းသည်။

### ဂုဏ်ပြုဆု

ဆက်လက်၍ ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများအား တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

ဗဟိုအလုပ်အမှုဆောင်သည် စက်တင်ဘာ၃၀ရက် ညနေပိုင်းကလည်း မြန်အောင်မြို့နယ် တာခွ တဲကြီးကုန်း အထက်တန်းကျောင်းခွဲသို့ရောက်ရှိပြီး ကျောင်းခန်းမ၌ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ညပိုင်းတွင် မြန်အောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက်၊ ကျေးရွာအဆင့် အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့်တွေ့ဆုံ၍ အသင်းကြီး၏ဖွဲ့စည်းမှု ကျစ်လျစ်ခိုင်မာရေး၊ စည်းရုံးမှုထက်မြက်ရေး၊ အသင်းဝင်များ၏ အရည်အချင်း၊ အရည်အသွေး မြင့်မားရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက အောင်ချက်အကောင်းဆုံးကျောင်းဆုကိုပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူစဉ်။ (စွမ်းအင်)**

# ဗုဒ္ဓပူဇနီယပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃**

သဃ်္ဃန်းကျွန်းမြို့နယ် ဈ/တောင်ရပ်ကွက် ရွှေဟောင်းသမိုင်းဝင် ရွှေနားပန်စေတီတော်မြတ်ကြီး၏ ရွှေသင်္ကန်းကပ်လှူရေး၊ ရင်ပြင်တော်ကျောက်ပြားခင်းခြင်းနှင့် (၈၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပနိုင်ရေးညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၅ရက်က စေတီတော်ရင်ပြင်ရှိ ဂေါပကအဖွဲ့ရုံးခန်းတွင် ကျင်းပရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသာဒင်က ရွှေသင်္ကန်းတော်နှင့် ရင်ပြင်တော်ကျောက်ပြားခင်းခြင်း လုပ်ငန်းနှင့်ပတ်သက်ပြီးရှင်းလင်းတင်ပြသည်။

ရွှေသင်္ကန်းတော်မြတ်ကြီးကို(၈၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးအမီ ကပ်လှူမည်ဖြစ်ပြီး အလှူရှင်များ ဂေါပကအဖွဲ့ရုံးသို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

# မြန်မာ့ရုပ်မြင်သံကြား

**၄-၁၀-၂၀၀၄ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတ သန္တိပါဠိတော်
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ မင်းကွန်း ဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိမော်ကွန်း "အဋ္ဌမဆယ်စုနှစ်" (အပိုင်း-၅)
- ၇း၅၀ ၆။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၅ ၇။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၁၅ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၂၅ ၉။ ကပ်တဲလ်ကြိုးတံတား
- ၈း၃၀ ၁၀။ International News.
- ၈း၄၅ ၁၁။ Let's Go.

**ညပိုင်း**

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ Practice in Reading.
- ၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)
- ၁၇း၁၅ ၆။ အကပဒေသာ
- ၁၇း၂၅ ၇။ ၂၀၀၄ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး (အဆင့်မြင့်ပညာအဆင့်)(အမျိုးသား)
- ၁၇း၄၀ ၈။ မြန်မာစာ မြန်မာစကား
- ၁၇း၅၅ ၉။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအဆိုအကများ
- ၁၈း၀၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၁၈း၁၀ ၁၁။ Discovery.
- ၁၈း၁၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း-၂၉)
- ၁၈း၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉း၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉း၀၅ ၁၅။ **"အဏ္ဏဝါစိုးမိုးအမျိုးချစ်သူများ"** (ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊ ခင်သန်းနွယ်၊ ယုဇနလွင်) (ဒါရိုက်တာ-မျိုးအေး)
- ၁၉း၂၀ ၁၆။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၁၉း၃၅ ၁၇။ ဝင်ငွေတိုးပွားစေရာ ဆီအိုးတနင်္သာရီမှာ(အပိုင်း-၂)
- ၁၉း၄၅ ၁၈။ မြန်မာ့ဆေးလောက၏ သမိုင်းမှတ်တိုင်သစ်(အသည်းအစားထိုးကုသခြင်း) (အပိုင်း-၄)
- ၂၀း၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တစ်ရံရောအခါ"** (အပိုင်း-၂၇) (ဇာတ်သိမ်းပိုင်း)





■ ရှေ့ဖုံးမှ

လည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ကာကွယ်ဆေးစက်ရုံနှင့် စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)အနီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုအခြေအနေတို့နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

## စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)သို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်စိန်လွင်နှင့် ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

၁၂ ရက်တွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)သို့ လာရောက်ကြည့်ရှုစစ်ဆေးစဉ် စိတ်ပိုင်းဆိုင်ရာလူနာများအား ဘာသာရေးတရားများနာယူစေခြင်း၊ တေးဂီတဖြင့်ဖျော်ဖြေပေးခြင်း၊ ပန်းချီရေးဆွဲစေခြင်းနှင့် စိုက်ပျိုးရေးဆောင်ရွက်စေခြင်းကုထုံးများဖြင့် ဆေးဝါးကုသပေးရန် စသည့် လမ်းညွှန်ခဲ့မှုအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စိတ်ပိုင်းဆိုင်ရာကုထုံးပညာရှင် (Clinical Psychologit) များ မွေးထုတ်ရန် စီစဉ်ထားမှု၊ ဆက်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး ဆောင်ရွက်ပြီးစီးမှု၊ Day Care Centre များ ဖွင့်လှစ်ဆောင်ရွက်ထားမှု၊ ပြည်သူအခြေပြု ကွင်းဆင်းလေ့လာမှုနှင့် စိတ်ကျန်းမာရေးပညာပေး ဆရာဖြစ်သင်တန်းများ မြို့နယ်များတွင် သင်ကြားပို့ချပေးမှုနှင့် ဆေးရုံကြီးအတွက် လိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စိတ်ကျန်းမာရေးဆေးရုံကြီး (ရန်ကုန်) အတွက် လုပ်ငန်းဆိုင်ရာများ ပံ့ပိုးပေးမှုအခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

**ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) ရွှေပင်လုံ အိမ်ရာစီမံကိန်းအတွင်းရှိ သုံးထပ် ဈေးသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)**

**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးစက်ရုံတွင် ကာကွယ်ဆေးထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**

အထူးသဖြင့် စိတ်ရောဂါဝေဒနာ အနအရင့်ကိုလိုက်ပြီး စိတ်ရောဂါဝေဒနာစတင်ခံစားနေရပြီကို ဝေဒနာရှင်နှင့် ပတ်ဝန်းကျင်က သတိမပြုမိသည်များလည်းရှိကြောင်း၊ သို့ဖြစ်၍ စိတ်ရောဂါနှင့်စပ်လျဉ်းပြီး ကျန်းမာရေး ပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရန်လိုကြောင်း။

ယခုတင်ပြသည့်အတိုင်း ဆင်ခြေဖုံးမြို့နယ်များသို့ ကွင်းဆင်းပြီး စိတ်ရောဂါဝေဒနာ သုတေသနပြုမှုများ၊ ဝေဒနာရှင်များအား ဖော်ထုတ်ကုသပေးမှုများမှာ အလွန်ကောင်းမွန်သည့် အစီအမံများဖြစ်သဖြင့် တိုးချဲ့ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း။

## တက်ကြွစွာကြိုးပမ်းဆောင်ရွက်

စိတ်ရောဂါဝေဒနာများကဲ့သို့ပင် အရက်စွဲရောဂါမှာလည်း နိုင်ငံတော်အတွက် စီးပွားရေး၊ လူမှုရေးကဏ္ဍများ၌ ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေကြောင်း၊ ပျောက်ကင်းအောင် ကုသပေးနိုင်သည်နှင့်အမျှ နိုင်ငံတော်အတွက် တန်ဖိုးရှိသည့် လုပ်အားများ ပေါ်ထွက်လာမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ပြည်သူများ၏ စိတ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တက်ကြွစွာကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပန်းချီအနုပညာဖြင့် စိတ်ရောဂါဆိုင်ရာကုထုံးနည်းအရ စိတ်ရောဂါဝေဒနာရှင်များ ရေးဆွဲထားသော ပန်းချီပိုစတာများကိုလည်းကောင်း၊ ဆေးရုံစားသောက်ခန်းမ၌ စိတ်ရောဂါဝေဒနာရှင်များအား နံနက်စာကျွေးမွေးနေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

## လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အသစ်ဖောက်လုပ်ထားသည့် မင်းရဲကျော်စွာလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ကြပြီး ဒဂုံအရှေ့ စက်မှုမြို့အတွင်း စက်ရုံအလုပ်ရုံများ တည်ဆောက်ပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်လမ်းဆုံအနီး တည်ထားကိုးကွယ်သည့် ပြည်ကြီးချမ်းသာ မဟာစေတီတော်ပရဝဏ်ရှိ မင်္ဂလာသုခမ္မာရုံသို့ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ဆက်ကပ်ကာ ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ဒဂုံမြို့သစ် မြို့ဦးစေတီတော်တည်ဆောက်ရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများက စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူခြင်း၊ ဈေးဆိုင်ခန်းများ တည်ဆောက်ခြင်း၊ ကမ္ပည်းကျောက်စာတိုင်စိုက်ထူခြင်း၊ မဟာရံတံတိုင်း



ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ဆေးရုံခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်စိန်လွင်က စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)၏ နောက်ခံသမိုင်း၊ ဆေးရုံတက်ရောက်ကုသ လူနာဦးရေ၊ ပြင်ပလူနာဦးရေ၊ ဆေးကုသမှုအမျိုးအစားများ၊ သင်ကြားရေးဆိုင်ရာ လုပ်ဆောင်ချက်များ၊ ဆေးရုံပြင်ပမြို့နယ်များသို့ ကွင်းဆင်းလေ့လာဆန်းစစ်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ

**ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)ကို တွေ့ရစဉ်။ (သတင်းစဉ်)**

## စည်းရုံးပညာပေး

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စိတ်ကျန်းမာရေးဆေးရုံကြီးသည် အခြားသော ဆေးရုံကြီးများနှင့် သဘောသဘာဝချင်း မတူညီသည်ကို တာဝန်ရှိသူများက သတိပြုအလေးထားကြရမှာဖြစ်ကြောင်း၊ အခြားသော ရောဂါဝေဒနာသည်များသည် ရောဂါဝေဒနာဖြစ်ပွားသည်နှင့် ဆေးရုံကြီးများသို့ ကုသမှုခံယူရန် လာရောက်လေ့ရှိကြသော်လည်း စိတ်ရောဂါဝေဒနာရှင်တိုင်း စိတ်ကျန်းမာရေး ဆေးရုံကြီးသို့ လာရောက်လေ့မရှိသည့်အတွက် စနစ်တကျလာရောက် ကုသမှုခံယူရေးအတွက် စည်းရုံးပညာပေးမှုများ ဆောင်ရွက်ကြရန်လိုကြောင်း။



တည်ဆောက်ခြင်း၊ စေတီတော် ဘက်စုံတည်ဆောက်ရေးအတွက် ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ လုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

**ဖူးမြော်ကြည်ညို**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပြည်လုံးချမ်းသာမဟာစေတီတော်တန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ အမွှေးနံ့သာများ ဆက်ကပ်ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုပြီး ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)တို့ကို ဆက်သွယ်ထားသည့် ဘုရင့်နောင်လမ်းမကြီးပေါ်ရှိ ရန်ကုန်-မန္တလေးရထားလမ်းကို ဖြတ်သန်း တည်ဆောက်ပြီးစီးနေသည့် မီးရထားခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ရွှေကျားပုံဆောက်လုပ်ရေးမှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဇော်ထွန်းက ရွှေပင်လုံအိမ်ရာစီမံကိန်းနှင့် မီးရထားခုံးကျော်တံတားတည်ဆောက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တည်ဆောက်ပြီးစီးနေသည့် မီးရထားခုံးကျော်တံတားကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မီးရထားခုံးကျော်တံတားသည် အရှည် ၆၅၆ ပေ၊ အကျယ် ပေ ၆၀၊ အမြင့် ၁၈ ပေ ရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့သည် ရွှေပင်လုံအိမ်ရာစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား အိမ်ရာစီမံကိန်းရှင်းလင်းဆောင်ခန်းမ၌ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းက ရွှေပင်လုံအိမ်ရာ မီးရထားလမ်းခုံးကျော်တံတား တည်ဆောက်မှုအခြေအနေ၊ Rose Park မြေကွက်များ၌ နှစ်ခန်းတွဲ Duplex တိုက်များ ၁၇ လုံး (၃၄ခန်း)တည်ဆောက်မှု၊ နှစ်ထပ်လုံးချင်းတိုက် ၃၉ လုံး၊ ရှစ်ခန်းတွဲ သုံးထပ်စာသင်ကျောင်း တစ်ကျောင်း၊ သုံးထပ်ဈေး တစ်ဈေး၊ Cover Market နှစ်ခု၊ မီတာ ၄၀၀ ပြေးလမ်းနှင့် ပွဲကြည့်စင်ပါ ဘောလုံး ကွင်းတစ်ကွင်း၊ Steel Structure မိုးလုံလေလုံအားကစားရုံတစ်ရုံ၊ အလျားပေ ၁၀၀၊ အနံပေ ၃၀၊ အမြင့် ၁၅ပေရှိ သံကူကွန်ကရစ် တံတား

ရွှေပင်လုံအိမ်ရာစီမံကိန်းသည် အဆင့်မြင့်လုံးချင်းအိမ်ရာများ၊ နှစ်ခန်းတွဲ နှစ်ထပ်တိုက် Duplex များ၊ စာသင်ကျောင်း၊ Shopping Mall နှင့် ဈေးဆိုင်များသာမက ဂေါက်သီးရိုက်လေ့ကျင့်ကွင်း၊ မီတာ ၄၀၀ ပြေးလမ်းနှင့် ပွဲကြည့်စင်ပါဝင်သည့် အားကစားကွင်းနှင့် မိုးလုံလေလုံအားကစားရုံတို့အပြင် အဆင့်မြင့်ဆေးရုံကြီးတစ်ခုလည်း ပါဝင်ကြောင်း။

သို့ဖြစ်၍ ရွှေပင်လုံအိမ်ရာစီမံကိန်းကြီးပြီးစီးပါက ဤဒေသအတွင်း ဈေး၊ ကျောင်း၊ ဆေးရုံ၊ အားကစားကွင်းစသည့် မြို့အင်္ဂါရပ်များနှင့် ပြည့်စုံညီညွတ်သည့်အိမ်ရာများ ဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

ထို့ကြောင့် စီမံကိန်းလုပ်ငန်းများ ရည်မှန်းချက်နှင့်အညီ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေပင်လုံအိမ်ရာစီမံကိန်း အတွင်းရှိ သုံးထပ်ဈေးကိုလည်းကောင်း၊ အိမ်ရာစီမံကိန်းအတွင်း နှစ်ထပ်လုံးချင်းအိမ်ရာများအပါအဝင် ရွှေပင်လုံအိမ်ရာစီမံကိန်းဝင်းအတွင်း တည်ဆောက်ပြီးစီးမှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ရွှေပင်လုံအိမ်ရာစီမံကိန်းသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)နယ်မြေ ရန်ကုန်-မန္တလေး ရထားလမ်း၏ အနောက်ဘက် ငမိုးရိပ်ချောင်း၏ မြောက်ဘက်၌ တည်ရှိသည်။ စီမံကိန်းတွင် နှစ်ခန်းတွဲ နှစ်ထပ် Duplex ၁၇ လုံး (၃၄ယူနစ်)၊ Rose Park အလျား ၄၉ ပေ၊ အနံ ၂၇ ပေ ခြောက်လက်မ နှစ်ထပ်လုံးချင်း ရှစ်လုံး၊ အလျား ပေ ၅၀၊ အနံ ၂၇ပေ နှစ်ထပ်လုံးချင်း ၁၇လုံး၊ အလျား၅၁ပေ၊ အနံ ၂၈ပေ နှစ်ထပ်လုံးချင်းအိမ်ရာ ၁၉လုံး၊ သုံးထပ်ဈေး၊ ကုန်ခြောက်နှင့်ဟင်းသီး ဟင်းရွက်ရောင်းချရန် Cover Market နှစ်လုံး၊ ရှစ်ခန်းတွဲသုံးထပ် စာသင်ကျောင်းတစ်ကျောင်း၊ ဆေးရုံ၊ မီတာ ၄၀၀ပြေးလမ်းနှင့် ပွဲကြည့်စင် ပါဝင်သည့် ဘောလုံးကွင်းတစ်ကွင်းနှင့် Steel Structure မိုးလုံလေလုံအားကစားရုံ တစ်ရုံတို့ ပါရှိမည်ဖြစ်ကြောင်း သိရသည်။

ယင်းမှတစ်ဆင့် မြို့တော်အိမ်ရာ စီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(တောင်ပိုင်း) ဘုရင့်နောင်လမ်းမကြီးနှင့် ငမိုးရိပ်ချောင်းအကြား ရန်ကုန်-မန္တလေး ရထားလမ်းအရှေ့ဘက်၌ TMW Construction Group က ဆောင်ရွက်လျက်ရှိသည့် မြယမုံစမ်းရိပ်မြိုင် အိမ်ရာစီမံကိန်းသို့ ရောက်ရှိကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား စီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်းဒါရိုက်တာ ဦးဗညားလွင်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ငမိုးရိပ်ချောင်းကမ်းပါး မြေထိန်းနံရံ တည်ဆောက်ပြီးစီးမှုနှင့် အိမ်ရာစီမံကိန်းအတွင်း အခြေခံအဆောက်အအုံများ တည်ဆောက်ပြီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားပြီး မြယမုံစမ်းရိပ်မြိုင် အိမ်ရာစီမံကိန်း ဧရိယာအတွင်း မြေယာအလှရှုခင်းများ ဆောင်ရွက်ထားရှိမှု၊ ငမိုးရိပ်ချောင်းကမ်းပါး ရေတိုက်စားခြင်းမှ ကာကွယ်ရန် မြေထိန်းနံရံ တည်ဆောက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြယမုံစမ်းရိပ်မြိုင်အိမ်ရာစီမံကိန်းမှ ပြန်လည်ထွက်ခွာသွားသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒဂုံမြို့သစ် မြို့ဦးစေတီတော် ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

**ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)တို့ကို ဆက်သွယ်ထားသည့် ဘုရင့်နောင်လမ်းမကြီးပေါ်တွင် ရန်ကုန်-မန္တလေး ရထားလမ်းကို ဖြတ်သန်းတည်ဆောက်နေသည့် မီးရထားခုံးကျော်တံတား တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။** (သတင်းစဉ်)



အပါအဝင် ကမ်းနားလမ်းတည်ဆောက်ပြီးစီးမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရွှေကျားပုံဆောက်လုပ်ရေး မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဇော်ထွန်းက ရွှေပင်လုံအိမ်ရာစီမံကိန်း၏ တည်နေရာ၊ စီမံကိန်းဧရိယာအကျယ်အဝန်း၊ မြေတိုင်းတာခြင်း၊ Survey ပြုလုပ်ခြင်း၊ လမ်းတာဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှု၊ ၂၀၀၃ ခုနှစ် ဇန်နဝါရီလမှစ၍ စီမံကိန်းဧရိယာအတွင်း ရေကြီးရေလွှမ်းမိုးမှုမရှိစေရန် လမ်းဖောက်လုပ်ခြင်း၊ Culvert များ၊ ရေမြောင်းများ စနစ်တကျဆောင်ရွက်ထားမှု၊ စီမံကိန်းဧရိယာအတွင်း နှစ်လမ်းသွားကွန်ကရစ်လမ်းကို အရှည် ၁၂ မိုင်ခန့်ခင်းပြီး သဲကျင်းပေါင်းနှစ်သိန်းခန့် မြေဖို့ပြီးစီးမှု အခြေအနေ၊ စီမံကိန်းဧရိယာအတွင်း Shop House များ၊ စာသင်ကျောင်း၊ ဈေး၊ ပင်လုံဆေးရုံ၊ နှစ်ထပ်တိုက်လုံးချင်းအိမ်ရာများ၊ ပင်လုံ Shopping Mall နှင့် Driving Range များ ပါဝင်ဖွဲ့စည်းတည်ဆောက်သွားရန် စီစဉ်ထားမှု၊ Shop House များ၏ မြေညီထပ်ကို ရုံးခန်း၊ လူနေအိမ်ခန်းများဖြင့်လည်းကောင်း၊ Shopping Mall တွင် ဈေးဆိုင်ခန်းများနှင့် စားသောက်ဆိုင်များဖြင့် တည်ဆောက်သွားမည့်အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**ရွှေပင်လုံအိမ်ရာစီမံကိန်း**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့်(တောင်ပိုင်း)ဆက်စပ်ရာနေရာမှ ငမိုးရိပ်ချောင်းတစ်လျှောက် ပါရမီလမ်းဆုံအထိ အိမ်ရာများ၊ လမ်းတံတားများ တစ်ဆက်တစ်စပ်တည်း ပေါ်ထွန်းလာစေရအောင် စီမံဆောင်ရွက်လျက်ရှိရာ ရွှေပင်လုံအိမ်ရာ စီမံကိန်းကြီး စတင်ပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း။

# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ကုလသမဂ္ဂအထွေထွေညီလာခံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၃**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပလျက်ရှိသည့် (၅၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ ပါဝင်တက်ရောက်ခဲ့ပြီးနောက် မြန်မာကိုယ်စားလှယ်အဖွဲ့ ကိုယ်ခွဲခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းအား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Mr. Charles James Petric၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မိသားစုဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ အထူးအရာရှိ ဦးမင်းသိမ်းလည်း ပြန်လည်လိုက်ပါလာသည်။

**(သတင်းစဉ်)**



**အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပလျက်ရှိသည့် (၅၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ ပါဝင်တက်ရောက်ခဲ့ပြီးနောက် မြန်မာကိုယ်စားလှယ်အဖွဲ့ ကိုယ်ခွဲခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)


**စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့**

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

# မြတ်ဆရာ

**ဦးကျော်စိန် (မန္တလေး)**




**"ကမ္ဘာ့ဆရာများနေ့"**ကို နှစ်စဉ် အောက်တိုဘာလ၅ရက်နေ့တွင် ကျင်းပရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ပေးခဲ့သည်။ ထို့ကြောင့် အောက်တိုဘာလ ၅ရက်နေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ဆရာ ဆရာမများကို လူ့အဖွဲ့အစည်း၏ တိုးတက်ကြီးပွားရေးအတွက် အဓိကအခန်းကဏ္ဍက ပါဝင်စွမ်းဆောင်နေကြသည့် ပုဂ္ဂိုလ်များအဖြစ် အလေးအမြတ်ပြုကာ ဆရာ့ တာဝန်ဝတ္တရားများကို ကျေပွန်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်မည့် အခွင့်အလမ်းနှင့်အခြေအနေများမြှင့်တင်ဆောင်ရွက်ပေးရန်ဆိုသည့် ရည်မှန်းချက်ဖြင့်**"ကမ္ဘာ့ဆရာများနေ့"** အထိမ်း အမှတ်အခမ်းအနားများကို ကမ္ဘာတစ်ဝန်းလုံးတွင်ကျင်းပခြင်းဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့်လည်း နိုင်ငံတကာမိသားစုဝင် နိုင်ငံတစ်နိုင်ငံ၏ တာဝန်ဝတ္တရားများနှင့် လျော်ညီစွာ ကမ္ဘာ့နိုင်ငံအသီးသီး၏ ကောင်းမြတ်သော လှုပ်ရှားဆောင်ရွက်မှုများတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် **"ကမ္ဘာ့ဆရာများနေ့"**ကို အောက်တိုဘာလ၅ရက်နေ့တွင် ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံနှင့် မြန်မာ့ယဉ်ကျေးမှုတွင် ဆရာဆိုသည်မှာ အမွန်အမြတ် နေရာပေးခြင်းခံကြရသည့် ပုဂ္ဂိုလ်များဖြစ်သည်။ မိဘတိုင်းသည် မိမိတို့၏ သားသမီးများကို ဆရာ့ထံတွင် လုံးဝဥဿုံ ယုံကြည်စိတ်ချစွာ အပ်နှံကြပြီး မိမိတို့၏သားသမီးများကို စာပေပညာသာမက၊ ယဉ်ကျေးသိမ်မွေ့မှု၊ လိမ္မာရေးခြားရှိမှု၊ စိတ်ထားမြင့်မြတ်မှု၊ စာရိတ္တကြံ့ခိုင်မှုကအစ လူ့ဘောင်အဖွဲ့အစည်းများတွင် တင့်တယ်သည့် လူတော်လူကောင်း၊ လူရည်ချွန် လူရည်မွန်များဖြစ်လာသည်အထိ ဆရာ၊ဆရာမများက သွန်သင်ညွှန်ကြား ဆုံးမပဲ့ပြင်ပေးမည်ဟု ယုံကြည်မျှော်လင့်ထားကြသည်။ ဆရာများကလည်း တပည့်များ၏ ဘဝများကို တောက်ပြောင်လာစေရန် မိဘများနှင့် ပူးပေါင်းကာ ဆရာ့ဝတ် ကျေပွန်စွာဖြင့် လမ်းညွှန်ပြသ ဆုံးမပေးခဲ့ကြသည်။

**လူ့လောက၌ မည်သူမျှ ဆရာနှင့် မကင်းနိုင်ကြပေ။ လူပုဂ္ဂိုလ်တိုင်း သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့တွင် ဆရာတစ်မျိုးမျိုးတော့ ရှိကြသည်သာ ဖြစ်၏။ ဆရာဟူသည် တပည့်တို့အပေါ် အပြစ်ကိုပြ၍၊ ရှောင်သင့်ရာကို ရှောင်စေသူဖြစ်သည့်အပြင် အကျိုးကိုပြ၍ ဆောင်သင့်ရာကို ဆောင်စေသူလည်း ဖြစ်သည်။ တပည့်တို့သည် ဆရာကိုအကြောင်းပြု၍၊ ဆရာကိုအမှီပြု၍ ဆရာ၏ သွန်သင်ဆုံးမမှုတို့ကို ခံယူကြရ၍သာလျှင် အသိ၊အလိမ္မာ တိုးလာကြရသည်။ "ဆရာမပြ ငါးပိဖုတ်တောင် နည်းမကျ"ဟူသော စကားမှာ လောကတွင် ဆရာသည် မည်မျှအရေးပါကြောင်းကို ဖော်ညွှန်းသော စကားပင်ဖြစ်သည်။**

ဆရာ၏ အဆုံးအမဩဝါဒကို မနာခံရဖူးသော တပည့်တို့သည် လိမ္မာပါးနပ်မှု နည်းပါးကြသည်။ ဆရာ၏ သွန်သင်ဆုံးမ ခံယူမှုကင်းမဲ့သော သူတို့မှာ **"ဤကား မသင့်၊ ဤကား သင့်၏"** စသည်ဖြင့် မဝေခွဲတတ်ဘဲ အသိအလိမ္မာနည်းပါးကာ ထင်ရာမြင်ရာကို ပြုလုပ်တတ်ကြသည်။ လောက၌ မကောင်းရာကို တားမြစ်၍ ကောင်းရာကို လမ်းညွှန်တတ်သော ဆရာသည် တပည့်တို့၏ ဘဝမီးရှူး တန်ဆောင်ပင်ဖြစ်သည်။

လူတို့သည် ငယ်ရွယ်စဉ်တွင် မည်သို့မျှ မပြုလုပ်တတ်၊ မပြောဆိုတတ်ကြသေးပေ။ သိသူ၊တတ်သူတို့က ဤသို့ပြော၊ ဤသို့ဆို၊ ဤသို့လုပ် စသည်ဖြင့် သင်ကြားလမ်းညွှန်ပေး၍သာလျှင် သိလာ၊တတ်လာကြရခြင်းဖြစ်၏။ သို့အတွက် မိမိထက် တတ်သူ၊ သိသူ၊ သင်ပြသူတို့ကိုလည်း ဆရာအရာ၌ ထည့်သွင်းသင့်ပေသည်။အမှန်တကယ်အားဖြင့် ဆရာသည် တပည့်တို့၏ ဘဝကို ဖန်ဆင်းပေးသူပင်ဖြစ်သည်။ ဆရာသည် တပည့်တို့၏ဘဝကို လှပအောင် ထုလုပ်ပေးသော ကျောက်ဆစ်သမားကဲ့သို့ တပည့်တို့၏ ဘဝကို လှပအောင် ထုလုပ်ပေးသူပင်ဖြစ်သည်။ ဆရာကောင်း၊ ဆရာမွန်ကို မှီဝဲဆည်းကပ်ရသောကြောင့် တပည့်တို့သည် အထွတ်အထိပ်သို့ပင် ရောက်သွားကြရသည်။ဤသို့ ဖြစ်ရသည်ကို **"ဆရာကောင်းတပည့် ပန်းကောင်းပန်"**ဟုဆို၏။

စာပေကျမ်းဂန်တို့၌ မိလိန္ဒမင်းကြီးသည် ဆရာရှင်နာဂသိန်နှင့် တွေ့ဆုံခဲ့ရာမှ ဗုဒ္ဓမြတ်စွာ၏ တရားစစ်၊ တရားမှန်ကို သိရှိကာ အမြင်မှန်ရခဲ့သည်။ ထို့အတူ အသောကဘုရင်သည်လည်း အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ဟူသော ဆရာကိုအမှီပြု၍ သာသနာ့ဒါယကာအဖြစ် ခံယူနိုင်ခဲ့သည်။ မြန်မာ့သမိုင်းတွင်လည်း ပုဂံပြည့်ရှင် အနော်ရထာမင်းသည် ရှင်အရဟံဟူသော ဆရာကောင်းကို မှီဝဲဆည်းကပ်ရသောကြောင့် မြန်မာနိုင်ငံတော်ကို ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံတော်ဖြစ်သည်အထိ စွမ်းဆောင်နိုင်ခဲ့လေသည်။ ထို့ကြောင့် ဆရာကောင်း သမားကောင်းကို မှီဝဲရသူတို့သည် ဘဝကောင်း၊ အခြေကောင်း၊ အနေကောင်းနှင့် နေထိုင်ခဲ့ကြရသည်ကို တွေ့ရှိနိုင်ကြပေသည်။

**မြန်မာ့လူ့ဘောင်နှင့် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ဆရာသည် ဘုရား၊ တရား၊ သံဃာ၊ မိဘတို့နှင့် တစ်ဂိုဏ်းတည်းထားပြီး ပူဇော်ကန်တော့ထိုက်သည့် ပုဂ္ဂိုလ်ဖြစ်သည်ဟု ခံယူပြီး အာစရိယပူဇော်ပွဲများ နှစ်စဉ်ကျင်းပ ကန်တော့ကြခြင်း၊ ဝါလကင်းလွတ် သီတင်းကျွတ် အချိန်အခါများတွင် ဆရာများထံ အိမ်တိုင်ရာရောက် သွားရောက်ပူဇော် ကန်တော့ကြခြင်းသည် မြန်မာတို့၏ ကောင်းမြတ်သော အစဉ်အလာများအဖြစ် ယနေ့တိုင်တည်တံ့နေဆဲပင်ဖြစ်သည်။** ထို့အပြင် ဆရာသည်မွန်မြတ်သော စံပြပုဂ္ဂိုလ်အဖြစ် လေးစားကြည်ညိုခြင်းခံရသည်မှာ စာသင်ကျောင်းမှာသာမက ရပ်ရွာအတွင်းမှာလည်း ဩဇာတိက္ကမ ကြီးမားသည့် မြင့်မြတ်သောနေရာတွင် နေရာပေးအလေးထားခြင်း ခံကြရသည်။

မြန်မာနိုင်ငံတွင် ဆရာ၏ မေတ္တာ၊စေတနာ၊ဩဇာသည် တပည့်များအပေါ်၌ ကျောင်းသူကျောင်းသား အရွယ်မှာသာမက အသက်အရွယ်ကြီးရင့်ပြီး ရာထူးဌာနန္တရများ ပိုင်ဆိုင်လာသည့်တိုင် လွှမ်းမိုးသက်ရောက်လေ့ရှိသည်။ မည်မျှရာထူးရာခံ မြင့်မားသည့်၊ ဂုဏ်ဒြပ်မြင့်မားသည့် ပုဂ္ဂိုလ်ဖြစ်ပါစေ မိမိတို့၏ ငယ်စဉ်ကလက်ဦးဆရာများကို ကြုံတွေ့စဉ်တွင် ရိုသေလေးစားဆဲဖြစ်ခြင်း၊ ဆိုဆုံးမမှုကို နာခံမြဲဖြစ်ခြင်း၊ ဆရာ့ဂုဏ်ကျေးဇူးကို မမေ့မလျော့မြဲ ဖြစ်ခြင်းသည် မြန်မာလူမျိုးတို့၏ ဂုဏ်ယူဖွယ် ဓလေ့စရိုက်ကောင်းများပင် ဖြစ်သည်။

> မြန်မာ့လူ့ဘောင်နှင့် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင်ဆရာသည် ဘုရား၊ တရား၊ သံဃာ၊ မိဘတို့နှင့် တစ်ဂိုဏ်းတည်းထားပြီး ပူဇော်ကန်တော့ထိုက်သည့် ပုဂ္ဂိုလ်ဖြစ်သည်ဟု ခံယူပြီး အာစရိယပူဇော်ပွဲများ နှစ်စဉ်ကျင်းပ ကန်တော့ကြခြင်း၊ ဝါလကင်းလွတ် သီတင်းကျွတ် အချိန်အခါများတွင်ဆရာများထံအိမ်တိုင်ရာရောက်သွားရောက်ပူဇော် ကန်တော့ကြခြင်းသည် မြန်မာတို့၏ ကောင်းမြတ်သော အစဉ်အလာများအဖြစ် ယနေ့တိုင် တည်တံ့နေဆဲပင် ဖြစ်သည်။

နိဂုံးချုပ်အားဖြင့် ယခုကဲ့သို့ ဆရာများကို လေးစားမြတ်နိုးတန်ဖိုးထားသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ဆရာအဖြစ်တာဝန်ထမ်းဆောင်ရခြင်းသည် အလွန်မွန်မြတ်သော လုပ်ငန်းဖြစ်သကဲ့သို့ ဆရာများအပိုင်းမှလည်း ဆရာ့ဂုဏ်သိက္ခာနှင့်အညီ မေတ္တာစေတနာအပြည့်အဝဖြင့် အလွန်ကြီးလေးသော တာဝန်ဝတ္တရားများကို ထမ်းရွက်ထားရသည့် ပုဂ္ဂိုလ်များပင်ဖြစ်ပေသည်။ ဤကဲ့သို့သော နိုင်ငံ့ဝန်ထမ်းအဖြစ်ကို အမှုထမ်းခဲ့ရဖူးသည့် စာရေးသူအနေဖြင့် အောက်တိုဘာလ ၅ ရက်နေ့တွင် ကျရောက်မည့် **"ကမ္ဘာ့ဆရာများနေ့"** ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။



သာကေတမြို့နယ်ဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်း နတ်မောက်ကျောင်းအမှတ်(၁)တွင် ဘဒ္ဒန္တ ကုသလ မဟာသဒ္ဓမ္မဇောတိကဓဇ ကြီးမှူး၍ (၃၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဆီမီး ၁၀၀၀၊ ပန်း၁၀၀၀နှင့် ရှင်လေးပါး ပူဇော်ပွဲကိုတော်သလင်းလပြည့်နေ့ကကျင်းပရာ သာကေတမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်က ဆီမီးပူဇော်၍ ဖွင့်လှစ်ပေးစဉ်။ (က-ပ)

## ဆန္ဒမွန်

- * လောကအလှ၊ ဆင်သပညာ၊ မြတ်ဆရာ။
- * ဝေဒနာစင်၊ စေတနာရှင်၊ မြတ်ဆရာ။
- * အများကျိုးငှာ၊ ကိုယ်ကျိုးစွန့်ရှာ၊ မြတ်ဆရာ။
- * ဆရာအပြား၊ ပိုင်းခြားလေဘိ၊ မိဘတစ်ထို မူကြိုစလျက်၊ မူလယ်ထက်နှင့်၊ တက္ကသိုလ်ပြင် လုပ်ငန်းခွင်ထိ၊ မှန်ပင်ရှိပါ မြတ်ဆရာ။
- * မြတ်ဆရာတို့၊ များစွာကုံလုံ၊ နှိုင်းမဲ့ဂုဏ်ကို အာရုံစွဲပါ၊ မြတ်သဒ္ဒါဖြင့်၊ တူစွာဖယောင်း၊ လက်ဆယ်ချောင်းကို၊ ဦးခေါင်းပြင်ထက်၊ တင်ကာယှက်၍၊ လေးနက်ကော်ရော်၊ ပူဇော်ပါရ၊ ကုသလကြောင့် များလှသောင်းသောင်း၊ ဆရာပေါင်းတွင်၊ မကောင်းဘေးရန် ပူပန်ဆင်းရဲ၊ ကင်းမြဲတစ်ဝ၊ ဆန္ဒလိုအင် ပေါင်းစုံလင်နှင့်၊ ပေါ်ဖြိုးပြည့်ဝပါစေသော်။ ။

(ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြု)

**ဒေါက်တာသန်းဦး**

## မစိုးရိမ်အဘိဓမ္မာ စာမေးပွဲများကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃**

အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု မဟာနာယက ဆဋ္ဌသံဂီတိ သံဃမဟာနာယက ဘဒ္ဒန္တ သူရိယာဘိဝံသ ဆရာတော်ကြီး၏ ဩဝါဒအရ မစိုးရိမ်(၂၈)ကြိမ်မြောက် အဘိဓမ္မာ စာမေးပွဲများကို ဒီဇင်ဘာ ၃၁ ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီမှ ညနေ ၄နာရီအထိ အခြေခံ ပထမဆင့်၊ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီမှ ညနေ၄နာရီအထိ အခြေခံ ဒုတိယဆင့်၊ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီမှ ညနေ၄နာရီအထိ အခြေခံတတိယဆင့်များ ကျင်းပမည်ဖြစ်သည်။

မြို့နယ်များတွင် စာဖြေဌာန အသစ်ကျင်းပလိုပါက သက်ဆိုင်ရာမြို့နယ်များမှတာဝန်ရှိပုဂ္ဂိုလ်များသည် မစိုးရိမ်အဘိဓမ္မာသာသနာဟိတကာရီ အသင်းနှင့် အောက်တိုဘာလမကုန်မီ ဆက်သွယ် စုံစမ်းဆောင်ရွက်နိုင်ကြောင်း သိရသည်။

လက်ရှိစာဖြေဌာနရရှိထားသော မြို့နယ်များသည် အောက်တိုဘာလ ဆန်းနောက်ဆုံးထား၍ အဆင့်လိုက် ဖြေဆိုမည့် ဦးရေကို မပျက်မကွက် သတင်းပို့ကြရန်နှင့် ရန်ကုန်မြို့ရှိ အဘိဓမ္မာသင်တန်း အသီးသီးတို့မှ စာဖြေလိုသူများသည် မိမိတို့ သင်တန်းအလိုက် ဖြေဆိုမည့်အဆင့်နှင့် ပဋ္ဌာန်းနိကာယ်၊ သို့မဟုတ် ရှင်သာမဏေဓမ္မဗိမာန်စာဖြေဌာနများအနက် ဖြေဆိုလိုသော စာဖြေဌာနကို ဖော်ပြစာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**




စက်တင်ဘာ ၂၉ ရက်က ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် အခြေခံပညာ အလယ်တန်းကျောင်း အမှတ်(၂) ပညာရတနာ ခန်းမတွင် ပညာရတနာ စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌွေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်ရီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို စက်တင်ဘာ၂၆ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ချိုချိုက တက္ကသိုလ်ဝင်တန်း ငါးဘာသာ ဂုဏ်ထူးရှင်ကျောင်းသူ မစုစုသီရိနိုင်အား ဆုချီးမြှင့်စဉ်။ (က-ပ)



# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာအမျိုးသမီးများဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲအားပေးကြည့်ရှု

ရန်ကုန် အောက်တိုဘာ ၃

**ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို အောက်တိုဘာ ၂ရက် ည ၇နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်းနှင့် ဗဟို အလုပ်အမှုဆောင်ကော်မတီဝင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် ရန်ကုန်တိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေး ကြည့်ရှုကြသည်။**

မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲတွင် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ယဉ်ကျေးမှု တက္ကသိုလ်မှ ကျောင်းသူလေးများက ပြည်တွင်းဖြစ် ဈေးနှုန်းသက်သာသော အထည်များကို မြန်မာ့ယဉ်ကျေးမှုနှင့် ကိုက်ညီသည့် လုပဆန်းသစ်သော ဒီဇိုင်းပုံစံများ ချုပ်လုပ်ပြီး ပြည်တွင်းဖြစ် လက်ကိုင်အိတ်များ၊ ဖိနပ်များနှင့် တွဲဖက်အသုံးပြု၍ ဝတ်ဆင်ပြသကြသည်။

ယင်းနောက် ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသော ခိုင်သင်းကြည်၊ ထပ်ဆင့်အကယ်ဒမီချိုပြုံး၊ ဆုပန်ထွာ၊ အကယ်ဒမီမြတ်ကေသီအောင်၊ အိန္ဒြာကျော်ဇင်၊ အကယ်ဒမီ မေသဥ္ဇာဦး၊ ပွင့်၊ ကြည်လဲ့လဲ့ဦး၊ ရတနာခင်၊ အကယ်ဒမီ စိုးမြတ်နန္ဒာ၊ အကယ်ဒမီ မျိုးသန္တာထွန်း၊ ထပ်ဆင့်အကယ်ဒမီ မေသန်းနုနှင့် တေးသံရှင်ကော်နီတို့က တိုင်းရင်းသား ရိုးရာဝတ်စုံများ ဝတ်ဆင်ပြီး ပြည်နယ်နှင့် တိုင်းဒေသအသီးသီးနှင့် တိုင်းရင်းသားလူမျိုးများ၏ အလှနှင့်သဘာဝကို ဖော်ကျူးစပ်ဆိုထားသော တေးသီချင်းများကို သီဆိုဖျော်ဖြေကြပြီး အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသူလေးများက သရုပ်ဖော်ကပြကြသည်။

## ဂုဏ်ပြုပန်းခြင်းပေးအပ်

ဆက်လက်၍ မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲတွင် ပါဝင်ကူညီကြသူများအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဂုဏ်ပြုပန်းခြင်းပေးအပ်ရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်သိင်္ဂီလှိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်မြတ်မြတ်ဦး၊ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ဖြူဖြူညွန့်တို့က လက်ခံယူကြသည်။

## ရင်းနှီးခင်မင်စွာနှုတ်ဆက်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ပြပွဲတွင် ပါဝင်ကူညီကြသည့် ရုပ်ရှင်သရုပ်ဆောင် အနုပညာရှင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များအား ရင်းနှီးခင်မင်စွာ လိုက်လံနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ကြိုဆိုနှုတ်ဆက်

**အောက်တိုဘာ ၃ ရက်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့်ဇနီးတို့ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ ပြန်လည်ပေါင်းစည်းသည့်နေ့ အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Dr. Klaus Peter Wild နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။**

**(သတင်းစဉ်)**

# မြန်မာအမျိုးသမီးများဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြပွဲကြည့်ရှုအားပေးနိုင်

ရန်ကုန် အောက်တိုဘာ ၃

**ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ယနေ့တင်ဆက်ပြသရာ ပရိသတ်များ၏ အားပေးတောင်းဆိုမှုကြောင့် အောက်တိုဘာ၄ရက် (တနင်္လာနေ့) ည၇နာရီမှ ၉နာရီအထိ ထပ်မံတင်ဆက် ပြသသွားမည်ဖြစ်သည်။ လက်မှတ်များကို ထိုနေ့နံနက် ၁၀နာရီမှစတင်၍ အမျိုးသားဇာတ်ရုံတွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)

- ❄ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ (၂၆) ကြိမ်မြောက် အစည်းအဝေး
- ❄ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏(၄)ကြိမ်မြောက် အစည်းအဝေး
- ❄ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆) ကြိမ်မြောက် အစည်းအဝေး
- ❄ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏(၄)ကြိမ်မြောက် အစည်းအဝေး

**ရန်ကုန်မြို့**
**၂၀၀၆ ခုနှစ်၊အောက်တိုဘာလ ၄ ရက်နေ့မှ ၈ ရက်နေ့အထိ**

# ဝံသာနုသတင်းလွှာ အတွဲ(၁၃)၊ အမှတ်(၂၀) ထုတ်ဝေ

**ရန်ကုန် အောက်တိုဘာ ၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄) မိုင်းလားမြို့ စိမ်းစိုသန့်ရှင်း သာယာလှပစေရေး လှုပ်ရှားမှု မြင်ကွင်းပုံရိပ် မျက်နှာဖုံးဖြင့် ဝံသာနုသတင်းလွှာ အတွဲ (၁၃) အမှတ်(၂၀)ကို ထုတ်ဝေကြောင်း သိရသည်။ **(ယာပုံ)**



ဝံသာနုသတင်းလွှာတွင် ပဲခူးရွှေဂူကြီးဘုရားရှိ အဇပါလစေတီ ပြန်လည်တည်ဆောက်ရန် မြေညှိစဉ်တွေ့ရှိရသော ရှေးဟောင်းရုပ်ပွားဆင်းတုတော်များ၊ ညပိုင်း အငှားယာဉ်မောင်းသူများ သတိပြုဖွယ်၊ ရွှေကိုအကြောင်းပြုသော လိမ်လည်မှုများ၊ စာနယ်ဇင်းသမား အကြားနဲ့ရေးရင် အမှားတွေ့လိမ့်မယ် (ဆောင်းပါး)အပါအဝင် ပြည်တွင်းသတင်းများနှင့် ဂျော့ဒဗလျူဘုရှ်နှင့် ဂွန်ကယ်ရီတို့၏ နိုင်ငံရေးချိန်ခွင်လျှာ၊ အိန္ဒိယငွေစက္ကူအတုများ သိမ်းဆည်းရမိ၊ ဗြိတိသျှတို့ သိမ်းယူထားသော လယ်ယာမြေများ ပြန်လည်ရရှိရန် ကင်ညာနိုင်ငံမှ ဒေသခံတိုင်းရင်းသားများ ဆန္ဒပြတောင်းဆို၊ ဗြိတိန်အစိုးရနှင့် အာဏာရလေဘာပါတီမှ အဓိကပုဂ္ဂိုလ်နှစ်ဦး၏ အကွဲအပြဲ၊ ဘီဘီစီအဗျူးကောင်းမှု အမေရိကန်နှင့် အပေါင်းပါများ အရှက်ရသိက္ခာကျ၊ ကုန်တင်သင်္ဘောနှင့် တိုက်မိသော ငါးဖမ်းစက်လှေနှစ်မြုပ်၊ သက်တော်စောင့်အဖွဲ့က ကယ်တင်လိုက်သော ဟောလိဝုဒ်ရုပ်ရှင်မင်းသမီးချော စသည့် ပြည်တွင်း၊ ပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ် (၄၁) ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။

**(သတင်းစဉ်)**




**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ၍ ရန်ကုန်မြို့၌ ကျင်းပမည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ အဆင့်မြင့်အရာရှိကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးနှင့် အာဆီယံနှင့် အရှေ့အာရှဆွေးနွေးဖက် သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးတက်ရောက်ရန် ကိုယ်စားလှယ်များ လေကြောင်းခရီးစဉ်များဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြစဉ်။ (သတင်းစဉ်)**

# အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်များ စိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာအာဆီယံဝန်ကြီးများအစည်းအဝေးတက်ရန်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၃

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံ၍ ရန်ကုန်မြို့၌ ကျင်းပမည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၏ (၂၆)ကြိမ်မြောက်အစည်းအဝေးနှင့် အာဆီယံနှင့် အရှေ့အာရှ ဆွေးနွေးဖက် သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးတက်ရောက်ရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး Dr. Azmimal A. Khir နှင့် ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းမှစတင်၍ လေကြောင်းခရီးစဉ်များဖြင့် ရန်ကုန်မြို့သို့ စတင်ရောက်ရှိလာကြသည်။**

ထိုသို့ရောက်ရှိကြရာတွင် ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်များသည် နံနက် ၉နာရီတွင်လည်းကောင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှညွှန်ကြားရေးမှူး Dr. Azmimal A. Khir နှင့် တာဝန်ရှိသူများ၊ ဘရူနိုင်းနိုင်ငံနှင့် စင်ကာပူ သမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များသည် မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံမှ ကိုယ်စားလှယ်များသည် ညနေ ၅ နာရီခွဲတွင် လည်းကောင်း၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များသည် ညပိုင်းတွင်လည်းကောင်း လေကြောင်းခရီးစဉ်များဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာအာဆီယံဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၏ (၂၆) ကြိမ်မြောက် အစည်းအဝေးနှင့် အာဆီယံနှင့် အရှေ့အာရှဆွေးနွေးဖက် သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကျင်းပရေး ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေနှင့် ဆပ်ကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာနိုင်ငံသံရုံးများမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြပြီး တည်းခိုမည့် ဟိုတယ်များသို့ ပို့ဆောင်နေရာချထားပေးကြသည်။ **(သတင်းစဉ်)**





# နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး အသင်းဝင်များကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ ပူးပေါင်းပါဝင် အရှေ့ပိုင်းခရိုင်နှင့်တောင်ပိုင်းခရိုင်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းများနှစ်လည်စည်းဝေး

ရန်ကုန် အောက်တိုဘာ ၃

**ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)ကို ယမန်နေ့ နံနက် ၈နာရီ ၁၅မိနစ်က ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်၍ အမှာစကား ပြောကြားပြီး ပညာရည်ထူးချွန်သော အသင်းဝင်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။**

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)ကို တောင်ဥက္ကလာပမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ အသင်းဝင် ကျောင်းသားကျောင်းသူများက **"ရာသက်ပန် ပြည်ထောင်စု"** သီချင်းကိုသီဆိုကြကာ အခမ်းအနားကို ဖွင့်လှစ်သည်။

## ပူးပေါင်းပါဝင်

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်က အသင်းဝင်များအနေဖြင့် နိုင်ငံတော်အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူများနှင့်အတူ မိမိတို့ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် အကျယ်တဝင့် တိုက်တွန်းပြောကြားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ အလှူရှင်များက ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အလှူငွေများနှင့် စာအုပ်များကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်၊ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီး မောင်ပါနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီတို့က လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

## ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက်ထူးချွန်ဆုရရှိကြသော အသင်းဝင်များအား ဆုများချီးမြှင့်ကြရာ ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်က ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ ကျောင်းသားကျောင်းသူ ၁၂ဦးနှင့် ငါးဘာသာဂုဏ်ထူးရရှိသူ ကျောင်းသူတစ်ဦးတို့အားလည်းကောင်း၊ ဗဟို အလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက လေးဘာသာ၊ သုံးဘာသာနှင့် တစ်ဘာသာဂုဏ်ထူးရရှိသူ ကျောင်းသားကျောင်းသူ ငါးဦးတို့အားလည်းကောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် တိုင်းအုပ်ချုပ်ရေးမှူးဦးလှစိုးက ဗဟိုအဆင့်သင်တန်းများတွင် ထူးချွန်ဆုရရှိသော မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူးဦးဇော်လင်း၊ သာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်စွာဝင်းနှင့် ထူးချွန်ဆုရရှိကြသော အသင်းဝင်ကိုးဦးတို့အားလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ ဂုဏ်ပြုထိုက်သူများအား ဂုဏ်ပြုဆုများချီးမြှင့်ရာ ရှေးဦးစွာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက စက်ချုပ်သင်တန်းတွင် သင်ကြားပေးသော ဆရာမများအားလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်အောင်က ဂျပန်လူငယ်များ မြန်မာနိုင်ငံသို့ လာရောက်လေ့လာစဉ်(Home Stay) နေထိုင်ခွင့်ပြုသူများအားလည်းကောင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်က အဖွင့်တေးသီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေခဲ့ကြသော အသင်းဝင်ကျောင်းသားကျောင်းသူများအတွက် ဂုဏ်ပြုလက်ဆောင်တို့ကို တောင်ဥက္ကလာပမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေငွေရီအားလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ထို့နောက် အစည်းအဝေး ဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ ခရိုင်အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ရေးရာအလိုက် ခရိုင်အလုပ်အမှုဆောင်များက ဖတ်ကြားတင်သွင်းခြင်း၊ နိုင်ငံတော် အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအဆိုကို တွဲဖက်ခရိုင် အလုပ်အမှုဆောင် ဦးအောင်ကျော်မိုးက ထောက်ခံတင်ပြခြင်း၊ ခရိုင်အလုပ်အမှုဆောင်အဖွဲ့၏ ရေးရာအလိုက် အစီရင်ခံစာများအပေါ် ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်း၊ ယင်းအကြံပြုဆွေးနွေးချက်များကို ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးတင်အောင်က ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားကာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)က ဆုံးဖြတ်ချက်သုံးရပ်၊ အတည်ပြုခြင်း တစ်ရပ်နှင့် မှတ်တမ်းတင်ခြင်း နှစ်ရပ်တို့ကို ချမှတ်ကြသည်။

## ရန်ကုန်တောင်ပိုင်းခရိုင်

အလားတူ ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)ကို ယမန်နေ့နံနက် ၁၀နာရီ၁၅မိနစ်က သန်လျင်မြို့ရှိ ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်က အမှာစကား ပြောကြားသည်။

## ပညာသင်ထောက်ပံ့ကြေးပေး

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်က သင်တန်းများတွင် ထူးချွန်ဆုရရှိကြသူများအား ဆုချီးမြှင့်ပြီး ရန်ကုန်ဆေးတက္ကသိုလ်(၂)တွင် ပညာသင်ကြားနေသော အသင်းဝင်များဖြစ်ကြသည့် ခရမ်းမြို့နယ်မှ ပထမနှစ် ကျောင်းသူ မရီရီတင်နှင့် တွံတေးမြို့နယ်မှ ပထမနှစ်ကျောင်းသူ မသင်းသဇင်ဟန်တို့အား ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်အေးနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးတို့က ထူးချွန်ဆုရရှိသော အသင်းဝင်များအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အလှူရှင်များက အလှူငွေများပေးအပ် လှူဒါန်းကြရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးအေးမြင့်က လက်ခံပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

## အစီရင်ခံစာများတင်သွင်း

ထို့နောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလွင်ဦးက နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်အလုပ်အမှုဆောင်များက ရေးရာအလိုက် နှစ်ပတ်လည် အစီရင်ခံစာများကို တင်သွင်းကြသည်။

ဆက်လက်၍ ကိုယ်စားလှယ်များက တင်သွင်းသည့် အစီရင်ခံစာများအပေါ် အကြံပြုဆွေးနွေးကြပြီး ခရိုင်အလုပ်အမှုဆောင်အဖွဲ့ဝင်များက ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## ရှင်းလင်းဟောပြော

**ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် စည်ပင်သာယာဈေးကြီးများ မီးဘေးကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြပွဲကို အောက်တိုဘာ ၁ရက်က သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ စည်ပင်သာယာဈေးကြီး၌ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်သန်းဦး ရှင်းလင်းဟောပြောစဉ်။** (ဝ၅၂)







**ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် အမှတ်(၈)ရပ်ကွက် အမှတ်(၂)ဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန တပ်စုမှူး ဦးနေအောင်စိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံ ဦးဝင်းလွင်တို့ ပူးပေါင်း၍ ဈေးတွင်းရှိ မီးသုံးစွဲသည့် ဈေးဆိုင်များ မီးဘေးအန္တရာယ် ကင်းရှင်းရန်အတွက် စက်တင်ဘာ ၂၉ရက်က ကြည့်ရှုစစ်ဆေးစဉ်။** (၄၀၀)

**အင်းစိန် အမက(၁၃) မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၉ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာချိုက ပထမတန်း ပထမဆုရ မစိမ့်ရွှန်းလဲ့ငွေးအား ဆုချီးမြှင့်စဉ်။** (က–ပ)



## မြဝတီရုပ်မြင်သံကြား

၄–၁၀–၂၀၀၄
**(တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Theory of Quadratic Equations (စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
- ၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၆။ လျှပ်တစ်ပြက်
- ၆း၅၀ ၁၇။ မေးမြန်းစူးစမ်း
- ၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မဆုတ်မနစ်"**(အပိုင်း–၁၇)
- ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နှင့် ရန်နိုင်ဓား"** (အပိုင်း–၁၁)

4-10 (12).p65 1 24.03.1905, 10:09 PM



# နာမည်တစ်လုံးနှင့်နေကြသူများ ဗီဒီယိုဇာတ်ကား ပါဝင်သရုပ်ဆောင်ကြသည့်အနုပညာရှင်များအားဂုဏ်ပြု

ရန်ကုန် အောက်တိုဘာ ၃

**ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းစီစဉ်မှုဖြင့် ရိုက်ကူးထုတ်လွှင့်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ ဂုဏ်ပြုဇာတ်လမ်း "နာမည်တစ်လုံးနှင့် နေကြသူများ" ဗီဒီယိုဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ည၇နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ဇနီး ဒေါ်ခင်လှလှတို့ တက်ရောက်အားပေးသည်။**

ဂုဏ်ပြုပွဲအခမ်းအနားသို့ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ရဲအရာရှိကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌဦးစိန်တင်၊ ဒုတိယဥက္ကဋ္ဌ ဦးကြီးမြင့်နှင့် တာဝန်ရှိသူများ၊ "နာမည်တစ်လုံးနှင့်နေကြသူများ" ဗီဒီယိုဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ကြသည့် အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်တင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ လှူဒါန်းသည့် အလှူငွေများကိုပေးအပ်ရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ **(အပေါ်ပုံ)**က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်**

ယင်းနောက် ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ဗီဒီယိုအခြေခံအဖွဲ့ခွဲအား ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူး ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီကျော်သူအား လည်းကောင်း၊ အမျိုးသား သရုပ်ဆောင်များအား ချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းလွှာများကို သရုပ်ဆောင် ခန့်စည်သူအား လည်းကောင်း၊အမျိုးသမီးသရုပ်ဆောင်များအားချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းလွှာများကို သရုပ်ဆောင် ဇင်ဇင်ဇော်မြင့်အား လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်က မေတ္တာဖြင့် ကူညီဆောင်ရွက်ပေးသော အနုပညာရှင်များဖြစ်သည့် ဒါရိုက်တာ ကျော်ဇောလင်း၊ သရုပ်ဆောင် အကယ်ဒမီလူမင်း၊ သရုပ်ဆောင် အိန္ဒြာကျော်ဇင်နှင့်အခြားအနုပညာရှင်များကိုယ်စား သရုပ်ဆောင် အကယ်ဒမီထွန်းထွန်းဝင်းတို့ကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

**ကျေးဇူးတင်စကားပြော**

ထို့နောက် အနုပညာရှင်များကိုယ်စား သရုပ်ဆောင် အကယ်ဒမီလူမင်းက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

# အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနအတွင်းဝန်နှင့်အဖွဲ့ နှစ်နိုင်ငံပြည်ပရေးရာဝန်ကြီးဌာနများဆွေးနွေးပွဲတက်ရောက်ရန်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၃**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနအတွင်းဝန် မစ္စတာရှိုင်ယန်ဆာရမ် ဦးဆောင်သော အိန္ဒိယကိုယ်စားလှယ်အဖွဲ့သည် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရေးရာဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီး/အတွင်းဝန်အဆင့်ဆွေးနွေးပွဲ (Foreign Office Consultations)တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

**ကြိုဆိုနှုတ်ဆက်**

အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန်နှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာရာဂျစ်ကူးမားဗာတီးယား၊နိုင်ငံခြားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများနှင့် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန်နှင့်အတူ အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန တွဲဖက် အတွင်းဝန် မစ္စစ်မီထရာဗီရှစ်လည်း အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည်။ **(သတင်းစဉ်)**



## အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပွဲ ပွဲစတင်ချိန်ပြောင်းလဲသတ်မှတ်

ရန်ကုန် အောက်တိုဘာ ၃

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်များကိုနေ့စဉ်ညနေ ၄နာရီ၌ ကျင်းပလျက်ရှိရာမှ အောက်တိုဘာ၅ရက်တွင် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များမှ စတင်၍ နေ့စဉ်ညနေ ၃နာရီခွဲတွင် ပြောင်းလဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**

(မြန်မာ့အလင်း)

● **ကျောဖုံးမှ**

**ဂိုးပြတ်သွင်းယူ**

အောက်တိုဘာ၁ရက်တွင် ပထမပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် မော်လ်ဒိုက်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက ၁၇ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအမျိုးသမီးအသင်းအတွက် အနိုင်ဂိုးများကို မာလာဝင်းက ခြောက်ဂိုး၊ ဇင်မာဝမ်းက သုံးဂိုး၊ အေးနန္ဒာလှိုင်၊ သန်းသန်းထွေးနှင့် ခင်ကြွေထွေးတို့က နှစ်ဂိုးစီနှင့် သက်သက်ဝင်းနှင့်သီတာဦးတို့က တစ်ဂိုးစီ သွင်းယူခဲ့သည်။

**ထိုင်းကိုအနိုင်ရ**

အောက်တိုဘာ ၃ရက်တွင် ဒုတိယပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာအမျိုးသမီးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ မြန်မာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲစပြီးလေးမိနစ်အကြာတွင် ညာတောင်ပံမှ သန်းသန်းထွေးက အနေတော်ပို့ပေးသည့် ဘောလုံးကို တိုက်စစ်မှူးဇင်မာဝမ်းက ဆွဲယူသွားပြီး သွင်းယူသည်။

**အုပ်စု(က)**

အုပ်စု(က)တွင် မြန်မာ၊ထိုင်း၊ဗီယက်နမ်(က)နှင့်မော်လ်ဒိုက်တို့ ပါဝင်ကြသည်။ ယနေ့ပွဲစဉ်များ ကစားပြီးချိန်တွင် မြန်မာအသင်းက နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အုပ်စုကိုဦးဆောင်လျက်ရှိသည်။ ဗီယက်နမ်(က)အသင်းက တစ်ပွဲကစား တစ်ပွဲသရေ တစ်မှတ်၊ ထိုင်းအသင်းက နှစ်ပွဲကစား တစ်ပွဲသရေ တစ်ပွဲရှုံး တစ်မှတ်၊ မော်လ်ဒိုက်အသင်းက တစ်ပွဲကစား တစ်ပွဲရှုံး အမှတ်မရသေးပေ။ ဗီယက်နမ်(က)အသင်းနှင့်ထိုင်းအသင်းတို့ပွဲစဉ်တွင် ဂိုးမရှိ သရေပွဲဖြစ်သွားသည်။

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် အောက်တိုဘာ ၅ရက်တွင် ဗီယက်နမ်(က)အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ခြောက်မှတ်ရရှိထားပြီဖြစ်ရာ ဗီယက်နမ်(က)အသင်းကို သရေကစားရုံဖြင့် အုပ်စုပထမ ရရှိမည်ဖြစ်သည်။

**အုပ်စု(ခ)**

အုပ်စု(ခ)တွင် လေးသင်းပါဝင်ရာ ဗီယက်နမ်(ခ)အသင်းက နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်ရရှိထားသည်။ အင်ဒိုနီးရှားအသင်းက နှစ်ပွဲကစား တစ်ပွဲနိုင် တစ်ပွဲရှုံး သုံးမှတ်၊ ဖိလစ်ပိုင်အသင်းက နှစ်ပွဲကစား တစ်ပွဲနိုင် တစ်ပွဲရှုံး သုံးမှတ် ရရှိထားပြီး စင်ကာပူအသင်းက နှစ်ပွဲရှုံး အမှတ်မရသေးပေ။ အုပ်စု(ခ)ပွဲစဉ်များ ယှဉ်ပြိုင်ကစားထားရာတွင် ဗီယက်နမ်(ခ)အသင်းက စင်ကာပူအသင်းကို ခြောက်ဂိုး-ဂိုးမရှိ၊ ဗီယက်နမ်(ခ)အသင်းက အင်ဒိုနီးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အင်ဒိုနီးရှားအသင်းက ဖိလစ်ပိုင်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဖိလစ်ပိုင်အသင်းက စင်ကာပူအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**မြန်မာအမျိုးသမီးအသင်း**

မြန်မာလက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါက်တာပင်ဒိုရာအောင်ကြီး၊ အတွင်းရေးမှူးအဖြစ်ဒေါ်မိမိမော်၊ နည်းပြအဖြစ် ဦးအေးမောင်လေးနှင့် ဦးခင်မောင်ကို၊ အားကစားသမားများအဖြစ် **(ဂိုး)** မေခင်ယမင်း၊ မြင့်မြင့်သန်း၊ **(နောက်တန်း)**စန်းစန်းမော်၊ စန်းစန်းသိန်း၊ မိုးမိုးဝါ၊ သက်သက်ဝင်း၊ နွယ်နွယ်တိုး၊ နေဇာလင်းလင်းအောင်၊ သီတာဦး၊ စန်းယုနိုင်၊ **(အလယ်တန်း)**တင်တင်စိုး၊ သူဇာထွေး၊ အေးနန္ဒာလှိုင်၊ ခင်သီတာမြင့်၊ သန်းသန်းထွေး၊ **(ရှေ့တန်း)** မာလာဝင်း၊ ခင်ကြွေထွေးနှင့် ဇင်မာဝမ်းတို့ပါဝင်ကြသည်။ **(မြန်မာ့အလင်း)**

## မြန်မာနယူးဂေဇက်ဂျာနယ် အတွဲ(၁)၊အမှတ်(၂၁)ဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၃**

ဂျပန်ရုပ်သံက ဒရမ်မာဇာတ်လမ်းရိုက်မည့် မြန်မာ့သမီးငယ်ကလေးအကြောင်း၊ နီဆန်းမီနီဘတ်စ်များ ဟိုတယ်လုပ်ငန်းရှင်များ ဝယ်ယူခွင့်ရ၊ မြန်မာ့ဘီစကစ်များ ပြည်ပတင်ပို့မည်၊ အရည်အသွေး ကျဆင်းနေသည့် Cordlessဖုန်းများ၊ ဓာတ်ငွေ့ကားကြီးစီးကြမလား၊ ဂျပန်သွားမည့် မြန်မာပညာတော်သင်များစသည့် ပြည်တွင်းသတင်းဝေဝေဆာဆာဖြင့် မြန်မာနယူးဂေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၂၁)ထွက်ရှိသည်။

ယခုတစ်ပတ်ထုတ် ဂျာနယ်တွင် အချပ်ပိုအထူးအစီအစဉ်ဖြင့် ဂြိုဟ်တုလိုင်းနံပါတ်များနှင့် သိကောင်းစရာများ ထည့်သွင်းထားပြီး ရန့်မွှေးအောက်ဆီဂျင်ရှူသည့် ဘားများ ကိုရီးယားတွင် အောင်မြင်၊ ၁၀မိနစ်စာ ဗီဒီယိုရိုက်ကူးနိုင်သည့် နိုကီးယား မိုလ်ဘိုင်းဖုန်း၊ ၂၀၀၆၌ဖွင့်မည့် စင်ကာပူ၏ အကြီးဆုံး ရှော့ပင်းမောလ်ကြီးစသည့် နိုင်ငံတကာသတင်းများ၊ နိုင်ငံတကာ ပညာရေးမိတ်ဆက်၊ အားလပ်ရက် အပန်းဖြေအညွှန်းကဏ္ဍများပါ ဖော်ပြထားကာ e-Empire Media House ဖုန်း-၇၀၃၈၁၃ က တစ်ပြည်လုံးသို့ ဖြန့်ချိသည်။

**(က-ပ)**


# လျှပ်စစ်ဓာတ်အား ချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကိုသုံးစွဲပါ။
* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**

# တိုက်ကြီးမြို့ ဇမ္ဗူဒီပါ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

**တိုက်ကြီး စက်တင်ဘာ ၂၈**

တိုက်ကြီးမြို့နယ် ဦးပုံ့ပုံစုရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် စက်တင်ဘာ၂၈ရက် နံနက်ရနာရီက ဇမ္ဗူဒီပါ ကိုယ့်အားကိုယ်ကိုး ရပ်ကွက်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးလှဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ဦးစီးမှူးက ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရပ်ကွက်ဥက္ကဋ္ဌ ဦးစံထွန်းက စာကြည့်တိုက်ဖြစ်မြောက်ရေးနှင့် ရေရှည်တည်တံ့အောင် ဆောင်ရွက်ရေးရှင်းလင်းပြောကြားပြီး အလှူရှင်များက စာအုပ်၊စာစောင်များကို ကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**



## ကျေးလက် သတင်းနှင့် မြင်ကွင်း

# ဒိုက်ဦးမြို့နယ် ပညာ့ရောင်ခြည်စာကြည့်တိုက်ဖွင့်၊ စာအုပ်များလှူဒါန်း

**ဒိုက်ဦး စက်တင်ဘာ ၂၅**

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ကတုတ်ရွာမကျေးရွာ ကိုယ့်အားကိုယ်ကိုးပညာ့ရောင်ခြည်စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ၁၆ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးသန်းအေး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်စန်းဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသန်းလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)နှင့် ကျေးရွာဥက္ကဋ္ဌက အမှာစကားပြောကြားပြီး၊ ဦးစီးမှူးဒေါ်ခင်စန်းဦးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးလက်စာကြည့်တိုက်သို့ စာအုပ်မျိုးစုံ ၂၅ အုပ်၊ မြို့နယ်အတွင်းရေးမှူးက သုတရသစာအုပ် ၃၀၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၂) က သုတရသစာအုပ် ၃၀နှင့် ဦးမြင့်နိုင်(စစ်မှုထမ်းငြိမ်း)က စာအုပ်မျိုးစုံ ၃၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ဖဲကြိုးဖြတ်ဖွင့်

**မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူးကြီးမှူး၍ မြောင်းမြမြို့နယ် စကမြားကျေးရွာအုပ်စု ချမ်းသာကုန်းကျေးရွာ ချမ်းမြေ့သီတာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၆ရက်ကကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ရီရီလွင်နှင့် ကျေးရွာဥက္ကဋ္ဌ မန်းအုန်းဟန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (ခရိုင် ပြန်/ဆက်)



## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်



* ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဆက်သွယ်ပါ။

* ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။

**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။**



# ပခုက္ကူမြို့နယ် အရုဏ်ဦး ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်

**ပခုက္ကူ စက်တင်ဘာ ၂၂**

ပခုက္ကူမြို့နယ် ချိုင်ကျေးရွာအုပ်စု မြေနီတွင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး အရုဏ်ဦးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ရက် မွန်းလွဲ၁နာရီက အဆိုပါကျေးရွာစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးဝင်းဖေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ကျေးရွာဥက္ကဋ္ဌဦးကျော်ဆွေနှင့်အဖွဲ့ဝင်များ၊ ကျေးရွာအမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာပြည်သူများတက်ရောက်ကြသည်။**(ခရိုင်ပြန်/ဆက်)**



# ပညာတံခွန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် မိုးညှင်းမြို့နယ် စာထားကျေးရွာ၌ဖွင့်

**မိုးညှင်း စက်တင်ဘာ ၁၈**

မိုးညှင်းမြို့နယ် အင်ကုန်းကျေးရွာအုပ်စု စာထားကျေးရွာ ပညာတံခွန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကိုစက်တင်ဘာ၉ရက်က ကျေးရွာအမက ကျောင်းဆောင်၌ ကျင်းပသည်။ အခမ်းအနားတွင် အင်းကုန်းကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစံအေးနှင့်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးမာန်ငိုင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**(အောက်ဝဲပုံ)**



## လက်ခံရယူ

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမာန်ငိုင်းက ပညာဘဏ်တိုက် စာကြည့်တိုက် ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောပြီး ပညာတံခွန်စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းရာ စာထားအခြေခံပညာ မူလတန်းကျောင်း အမက ကျောင်းအုပ် ဆရာမဒေါ်ညွန့်ရီက လက်ခံရယူကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပရိယတ္တိစာမေးပွဲကျင်းပရေး စည်းဝေး

**မော်လမြိုင် စက်တင်ဘာ ၂၀**

မွန်ပြည်နယ် မော်လမြိုင်မြို့ သုသမာစာရအဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော(၅၈)ကြိမ်မြောက် ပရိယတ္တိစာမေးပွဲ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၂ ရက်က မော်လမြိုင်မြို့ သုသမာစာရ အသင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးကီးက အမှာစကားပြောကြားပြီး (၅၈)ကြိမ်မြောက် ပရိယတ္တိစာမေးပွဲ အာဂုံပြန်ဆိုရက်ကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၂ ရက်နှင့် ရေးဖြေစာမေးပွဲကို ဇန်နဝါရီ ၄ ရက်မှ ၉ ရက်အထိ ခြောက်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ ဖြေဆိုကြမည့် ပြည်နယ်နှင့် တိုင်းများမှ ဆရာတော် သံဃာတော်များအတွက် စာရင်းသွင်းပုံစံများ ထုတ်ပေးလျက်ရှိရာ ဖြေဆိုကြမည့် ဆရာတော်သံဃာတော်များအနေဖြင့် သီတင်းကျွတ်လပြည့်နေ့နောက်ဆုံးထား ပေးပို့ကြရမည်ဖြစ်ကြောင်း သိရသည်။ **(၁၆၈)**



ဆင်ပေါင်ဝဲမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို စက်တင်ဘာ၁၈ရက်က မြို့နယ်ခန်းမတွင် ကျင်းပရာ မြို့နယ်အသင်းအတွင်းရေးမှူး ဦးမောင်မောင်စိုးက ရှင်းလင်းပြောကြားစဉ်။ (၃၈၅)

## ပြသ

စက်တင်ဘာ ၂၂ ရက်က ကျောက်တန်းမြို့နယ် တံတားမြို့ရှိ ဆေးရုံဝင်းအတွင်း လေးလက်မ စက်ရေတွင်း တူးဖော်ပြီးစီးမှုကို ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံ ဦးဝင်းထိုက်စိုးက စက်ရေတွင်းကို လက်တွေ့ စမ်းသပ်ပြသစဉ်။ (မြို့နယ်စည်ပင်)



စက်တင်ဘာ ၂၅ရက်က သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဘူတာပိုင်း ရပ်ကွက် အားကစားရုံလမ်း အမာခံ ကျောက်ချောလမ်းအဖြစ် လုပ်ငန်း ဆောင်ရွက် ပြီးစီးမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးမြင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာဦးစိုးမြင့်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

စက်တင်ဘာ ၁၃ ရက်က တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးအမ်လှသောင်းနှင့် ဈေးတာဝန်ခံအရာရှိ ဦးမြင့်ဦးတို့ တောင်ကြီးမြို့ မြို့မဈေးအတွင်း စည်ပင်သာယာရေးဝန်ထမ်းများ ရေနုတ်မြောင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် အမှိုက်နှင့် နုန်းသဲများ ရှင်းလင်းမှုကို ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)



# ခရီးသွား အာမခံအကျိုးခံစားခွင့်ပေးအပ်

**ရွှေဘို စက်တင်ဘာ ၂၇**

ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်၍ ခရိုင်ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနနှင့် ခရိုင်မြန်မာ့အာမခံလုပ်ငန်းတို့၏ ကြီးကြပ်မှုဖြင့် ခရီးသွားအာမခံအကျိုးခံစားခွင့်ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁နာရီက ရန်ကြီးအောင်ခန်းမတွင် ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်က အမှာစကားပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း ခရိုင်တာဝန်ခံ ဒေါ်စုစုသန်းက ခရီးသွားအာမခံလျော်ကြေး ပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ခရီးသွားအာမခံအတွက် အကျိုးခံစားခွင့် ကျပ်ငါးသိန်းကို ကွယ်လွန်သူ မောင်ကျော်စွာဝင်း၏ ဇနီးထံ ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**



# မော်လမြိုင်ကျွန်းမြို့ နာရေးကူညီမှုအသင်းသို့ အလှူငွေပေးအပ်

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၈**

မော်လမြိုင်ကျွန်းမြို့ နာရေးကူညီမှုအသင်းသို့ အလှူငွေပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့ မဟာဗန္ဓုလ ၁ လမ်းထိပ်ရှိ နာရေးကူညီမှုအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြို့ ပိညှက်ဆန်ပွဲရုံပိုင်ရှင် ဦးခိုင်လင်း-ဒေါ်ကြူကြူ မိသားစုတို့က အလှူငွေကျပ်တစ်သိန်းနှင့် မော်လမြိုင်ကျွန်းမြို့ ချန်ပီယံ ကုန်စုံဆိုင် မိသားစုတို့က အလှူငွေ ကျပ်တစ်သိန်းကို အလှူရှင်များကိုယ်စား မောင်ဝိုင်းချစ်ကိုကိုက ပေးအပ်လှူဒါန်းရာ နာရေးကူညီမှုအသင်းရုံးအဖွဲ့မှူး ဦးအောင်ထိန်က လက်ခံရယူသည်။

အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ မော်လမြိုင်ကျွန်းမြို့ နာရေးကူညီမှုအသင်းသို့ အလှူငွေပေးအပ်လှူဒါန်းလိုပါက ဦးအောင်ထိန်၊ ရုံးအဖွဲ့မှူး နာရေးကူညီမှုအသင်း မော်လမြိုင်ကျွန်းမြို့သို့ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ဝ၉၇)**

# အမြို့မြို့ အနယ်နယ် သတင်းများ



## သန့်ရှင်းရေး ဆောင်ရွက်

စက်တင်ဘာ ၈ ရက်က နမ့်ဆန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ပြည်သူများပူးပေါင်း၍ နမ့်ဆန်မြို့ အဝင်လမ်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



## မြန်မာ့အသံ

**၅-၁၀-၂၀၀၄ (အင်္ဂါနေ့) နံနက်ပိုင်း**

၀၇း၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)
-အဖိတ်နေ့နှိုးဆော်ချက်

**နေ့လယ်ပိုင်း**

၁၀း၁၀ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အခြေခံပညာ(၅-၁၀)နှစ် အမျိုးသား အမျိုးသမီးများ လေ့လာနိုင်ရန်(ခမ္မပူဇာတေး) နှင့် ပညာရှင်အဆင့် အမျိုးသမီးများ လေ့လာရန်(ခမ္မပူဇာတေး)
၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (နွားနောက်မွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ)
၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (ကျောက်စာများက ဖော်ပြနေသော မြန်မာတို့၏နှလုံးသား-စတုတ္ထပိုင်း)
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (ပြောလိုက်ပါရစေ-ပေါ်လွင်ဦး-ရေး)
၁၂း၂၀ ဇာတ်လမ်းပမာ (အားမျှခြေ သို့မဟုတ် ဆုံမှတ်)
၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ဆရာ့ဂုဏ်ရည်-မောင်သန်းဝင်း ရန်ကုန်တက္ကသိုလ်)
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အလယ်တန်း-အင်္ဂလိပ်စာ)

**ညနေပိုင်း**

၁၆း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်ပါဠိနှင့်အနက်)
၁၆း၂၀ ကျေးလက်ဇာတ်လမ်း(ရွှေအလား)
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၀ ကမ္ဘာ့ဂီတ
၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (လူငယ်နှင့်အားကစား-တင်မောင်စိုး)
၁၇း၅၀ သောတရှင်အတွက် ပြန်ကြားချက်
၁၈း၁၅ သုခ၏ မင်္ဂလသုတ်အဖွင့် (အပိုင်း-၁၁)
၁၈း၄၀ ဟောပြောချက်(ရှိခိုးဦးခိုက်ပူဇော်ထိုက်သောမြတ်ဆရာ)
၁၉း၁၅ ကွက်စိပ်(ဗုဒ္ဓဝင်ရာဟုလာ အမွေတောင်းခန်း-တွံတွေးဒဂုံဆရာညွန့်)
၂၀း၃၀ ကလေးများ၏ သီချင်းဆိုပြိုင်ပွဲ -အဖိတ်နေ့နှိုးဆော်ချက်

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**



စက်တင်ဘာ ၁ရက်ကတောင်ငူမြို့နယ်ပတ္တန်းကျေးရွာတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ကျေးလက်အိမ်ရာစီမံကိန်း လုပ်ငန်း ဆောင်ရွက် ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးအောင်ကျော်မင်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

## ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆင်းစစ်ဆေး

**ဖားကန့် စက်တင်ဘာ ၂၀**

ဖားကန့်မြို့ မရိုကထောင်ရပ်ကွက်အတွင်းရှိ ဂျန်ဂတ်ကျေးရွာနှင့် ထုံးဖိုကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်တင်ဘာ၁၅ရက်က မြို့နယ်အတွင်းရေးမှူး၊ အမှုဆောင်အရာရှိ ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများ ကျေးရွာအတွင်း သန့်ရှင်းရေးလုပ်ငန်းများ၊ ယင်လုံအိမ်သာသုံးစွဲမှု အခြေအနေများနှင့် ကျေးရွာတွင်း လမ်းများရေရရှိ သုံးစွဲမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(ပြည်နယ်စည်ပင်)**

# (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့်စေတနာရှင်ပြည်သူများ စာသင်တိုက်များသို့ ဆွမ်းပဒေသာပင်များလှူဒါန်း

# အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၃

**တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်ကြီး လေးတိုက်တို့သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်ရှိ သာဓုပရိယတ္တိစာသင်တိုက်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**

*စာမျက်နှာ ၆ ကော်လံ ၁* ✱



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတွင် အလှူရှင် သာဓုပရိယတ္တိစာသင်တိုက် ဂေါပကအဖွဲ့က ဆွမ်းပဒေသာပင်အတွက် လှူဒါန်းသော ငွေကျပ်ငါးသိန်းကို လက်ခံစဉ်။ **(သတင်းစဉ်)**

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**မြန်မာ့အလင်း**

**ခေါင်းကြီး**

**သတင်း**

**ဆောင်းပါး**

**အညွှန်း**

မြန်မာ့ပညာရေး၏မျှော်မှန်းချက်ဖြစ်သော ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်ရန်၊ အစဉ်လေ့လာသင်ယူနေသော မြန်မာ့လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာစေရန် ကြိုးပမ်းကြရာ၌ ဆရာများ၏အခန်းကဏ္ဍသည် မြင့်မားလှသည်။ **ခေါင်းကြီး (စာ-၂)**

ဆရာသည် တပည့်တို့၏ဘဝကို လှပအောင်ထုလုပ်ပေးသော ကျောက်ဆစ်သမားကဲ့သို့ တပည့်တို့၏ဘဝကို လှပအောင် ထုလုပ်ပေးသူပင်ဖြစ်သည်။

**ဦးကျော်စိန်(မန္တလေး)၏ "မြတ်ဆရာ"**

**ဆောင်းပါး (စာ-၁၀)**

သမ္မတဘုရှ်သည် အကြမ်းဖက်မှုနှိမ်နင်းရေးမှ လမ်းလွှဲပြီး အီရတ်ကို စစ်ပွဲဆင်နွှဲခဲ့ခြင်း ဖြစ်သည်ဟုဆို။

**နိုင်ငံတကာသတင်း (စာ-၄)**

## ရွှေပင်လုံအိမ်ရာ တည်ဆောက်ပြီးစီးမှု

**အောက်တိုဘာ ၃ ရက်က ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင် ရွှေပင်လုံအိမ်ရာများ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။**

**(သတင်း-ရွှေ့ဖုံး)**

(သတင်းစဉ်)

# ပထမအကြိမ်အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲဆက်လက်ကျင်းပ

# မြန်မာအသင်းက ထိုင်းအသင်းကိုအနိုင်ယူပြီးအကြိုဗိုလ်လုပွဲတက်

**ရန်ကုန် အောက်တိုဘာ ၃**

၂၀၀၄ ခုနှစ် ပထမအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၁ ရက်မှစတင်၍ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ကျင်းပလျက်ရှိရာ မြန်မာအမျိုးသမီးဘောလုံးအသင်းသည် နှစ်ပွဲကစား နှစ်ပွဲနိုင်ဖြင့် ခေါင်းမှတ်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

***စာမျက်နှာ ၁၃ ကော်လံ ၃*** ●



4-10 (20).p65 1 24.03.1905, 10:09 PM